# နောက်မီးကျေးရွာ

# အင်္ဂပူမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောက်မီးကျေးရွာ၊ အင်္ဂပူမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁
စကားချီး ၄
နောက်မီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ အင်္ဂပူမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၄
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၈

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၄

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၈၅
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ နောက်မီးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏

အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောက်မီးကျေးရွာ

အင်ပူမြို့နယ်

**နောက်မီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ အင်္ဂပူမြို့နယ်**




**ရည်ညွှန်း** - နောက်မီးကျေးရွာ၊ နောက်မီးကျေးရွာအုပ်စု၊အင်္ဂပူမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၄-၂၅ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက် များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အ စည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူ အညီများကို အခြေခံကာဦးစားပေး စီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အင်္ဂပူမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းတည်ရှိ၍ (၆၂၈.၂) စတုရန်းမိုင်၊ ဧကအားဖြင့် ၄၀၂၀၄၇ ဧကကျယ်ဝန်းသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါသည်။ အင်္ဂပူမြို့သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၇၃ မိနစ်နှင့် ၁၈ ဒီဂရီ ၃၁ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၄၈ မိနစ်နှင့် ၉၅ ဒီဂရီ ၄၇ မိနစ်အကြားတွင် တည်ရှိပါသည်။ အင်္ဂပူမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပြီး တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ် ဂွမြို့နယ်နှင့် မြောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

အင်္ဂပူမြို့နယ်သည် မိုးများသော မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပါသည်။ အမြင့်ဆုံး အပူချိန်မှာ ဧပြီလတွင် ၃၇.၆ ံC ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၄.၅ ံC ဖြစ်ပါသည်။ (၁၀)နှစ် တာကာလအတွင်း တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၂၇.၅) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၁၂၀.၈)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာဇူလိုင်လနှင့်ဩဂုတ်လတို့ဖြစ်ပါသည်။

နောက်မီးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး နောက်မီးကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်တွင်တည်ရှိပြီး ရွာနံဘေးတွင် ငဝန်မြစ်စီးဆင်းလျက် ရှိပါသည်။ အင်္ဂပူမြို့နှင့် (၆) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာအုပ်စု များမှာ လူတော်စု။ ရှမ်းခေါင်းဗြဲ၊ သက္ကယ်ပြင်သံ၊ ဝက်လဟာ စသည်တို့ ဖြစ်ပါသည်။ နောက်မီးကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာစိုက်ပျိုးရေးလုပ်ငန်း (လယ်နှင့်ကိုင်း)၊ ငါးဖမ်းခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ သင်ဖြူာထုတ်လုပ်မှု၊ ပန်းပဲလုပ်ငန်းနှင့် ကျပန်း လုပ်ငန်းများ ဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်များ

နောက်မီးကျေးရွာတွင်ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ မထွက်ရှိပါ။ သို့သော်လည်း သဲနှင့် လမ်းခင်းရန် အနည်ကျကျောက်နုပ်များကို ချောင်းဘေး တာတမံအနီးမှ ပေါများစွာ ရရှိနိုင် ပါသည်။ ရေချိုငါးမျိုးစုံနှင့် ပုဇွန်များမှာ ကျေးရွာပတ်လည်ရှိ ကွင်းများနှင့် မမြချောင်း၊ ငဝန်မြစ်တို့မှ လွယ်ကူစွာ ဖမ်းယူရရှိနိုင်ပါသည်။ ဆေးဖက်ဝင် အပင်များမရှိပါ။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

နောက်မီးကျေးရွာတွင် အိမ်ခြေပေါင်း (၃၅၅) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၃၈၉) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၃.၉၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် လျော့နည်းမှုရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုး

တက်ရေးအတွက် လူသားအရင်းအမြစ်များအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

နောက်မီးကျေးရွာတွင် မူလတန်းပညာရေး ပြီးဆုံးသူများမှာ ကျောင်းနေအရွယ်လူဦးရေ အားလုံး၏ (၁၇.၈၃ %) ရှိပါသည်။ သို့သော်လည်း အလယ်တန်းအဆင့် ပညာရေး ပြီးဆုံးသူများမှာ မူလတန်းအဆင့် ပြီးဆုံးသူ၏ သုံးပုံတစ်ပုံခန့်သာ ရှိပြီး၊ အထက်တန်းအဆင့် ပြီးဆုံးသူမှာ မူလတန်း အဆင့်၏ နှစ်ပုံတစ်ပုံခန့်ရှိကြောင်းတွေ့ရှိရပါသည်။ နှိုင်းယှဉ်ချက်များအရ ဘွဲ့ရသူဦးရေမှာ ကျေးရွာမှ ကျောင်းနေအရွယ်လူဦးရေ အားလုံး၏ (၃.၆၇%)သာ ရှိကြောင်းတွေ့ရှိရပါသည်။ အဓိကဖြစ်နိုင်သောအကြောင်းရင်းမှာကျေးရွာတွင်မူလတန်းကျောင်းအဆင့်သာရှိနေပြီး တွဲဖက်အလယ်တန်းကျောင်းအဆင့်သို့ (၁၉၉၃) ခုနှစ်တွင် တိုးမြှင့်ရရှိခြင်းနှင့် အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ (၂၀၁၇) ခုနှစ်မှသာ ရရှိခြင်းများကြောင့် ဖြစ်နိုင်ပေမည်။ ထို့ကြောင့်လည်း ပြီးခဲ့သော ဆယ်စုနှစ်အတွင်းမှသာ ဘွဲ့ရကျောင်းသား/သူများ အရေအတွက် တိုးတက်များပြားလာခဲ့ခြင်း ဖြစ်သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင် (၈၅) ရာခိုင်နှုန်းကျော်မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၁၉) စုရှိ၍ ဝင်ငွေအားဖြင့် ပိုလျှံကြပါသည်။ လယ်/ကိုင်း (၁၅) ဧက၊ လယ်ထွန်စက်၊ ခိုင်းနွား (၄) ကောင်အထက်၊ ရေစုပ်စက်၊ခြွေစက်၊ မြက်ဖြတ်စက် များ ပိုင်ဆိုင်ကြပါသည်။ အိမ်အမျိုးအစားများမှာ အုတ်ခုံခံတစ်ထပ်အိမ်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ဖြစ်ပါသည်။ အလယ်အလတ် အိမ်ထောင်စု (၃၃)အိမ်ရှိပြီးလယ်/ကိုင်း(၁-၁၅) ဧကကြား၊ လယ်ထွန်စက်၊ ခိုင်းနွား(၂)ကောင်၊ ရေစုပ်စက်၊ မြက်ဖြတ်စက်များ ပိုင်ဆိုင်ကြပါသည်။ အိမ်အမျိုးအစားမှာ အုတ်ခုံခံ တစ်ထပ်အိမ်၊ သွပ်မိုး၊ ပျဉ်ခင်း၊ထရံကာဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ(၃၀၃) စုရှိ၍ အများစုမှာ မြေယာပိုင်ဆိုင်မှု မရှိကြပေ။ ဝင်ငွေ နည်းပါးပြီး အကြွေးမကင်းကြသူများဖြစ်ပါသည်။ အိမ်အမျိုးအစားမှာ ဝါးတိုင်၊ ထရံကာ၊သက်ငယ်မိုး၊ ကြမ်းခင်း ဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၃၀၃) စု ရှိသည့်အနက် (၇၂) အိမ်ထောင်စု မှာ (၃) လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၁၃၆) အိမ်ထောင်စုမှာ (၃) လနှင့် (၅) လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည်ကို တွေ့ရှိရသည်။ (၉၅) အိမ်ထောင်စု မှာ (၆) လ မှ (၁၂) လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည်ကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။ ၎င်းတို့သည် လုပ်အားကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်း၊ လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများသည် အခြားမိသားစုများ၏

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည်ဖြစ်ရာ ဘေး အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန် ခက်ခဲပါသည်။ ထို့ပြင် ရေကြီးမှုသည် ကျေးရွာ၏ အနိမ့်ပိုင်းတွင် နေထိုင်သော လယ်သမားမိသားစုများ၏ အသက်မွေးဝမ်းကျောင်း ဖြစ်သည့် လယ်ယာလုပ်ငန်းများတွင် ထိခိုက်နိုင်သဖြင့် ပြန်လည် ထူထောင်ရန် ခက်ခဲနိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

နောက်မီးကျေးရွာအတွင်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်း တစ်ခန်းရှိပါသည်။ သားဖွားဆရာမ (၁) ဦး နှင့် အရန်သားဖွား (၂) ဦးမှ တစ်လတစ်ကြိမ် ကာကွယ်ဆေးထိုးနှံရေး ကိစ္စရပ်များအတွက် လုပ်ဆောင်ပေးပြီး ပတ်ဝန်းကျင် ကျေးရွာများမှ လာရောက်ပြသကြပါသည်။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအတွက်လည်း ကောင်းစွာ စောင့်ရှောက်နိုင်ပြီး အရပ်လက် သည်များ ရှိခြင်းကြောင့်လည်း ကလေးမွေးဖွားခြင်း ကိစ္စရပ်များအတွက် စိတ်ချရပါသည်။ သို့သော် လည်း မီးဖွားဆောင် သီးသန့် ဆောက်လုပ်ပေးနိုင်လျှင် ကျေးရွာရှိ မွေးလူနာများနှင့် မွေးကင်းစ ကလေးများအတွက် ပိုမို စိတ်ချရမည့် အနေအထား ရှိလာပါမည်။

ကျေးရွာအတွင်းတွင် သောက်ရေအတွက် အုတ်ရေတွင်း(၆)တွင်း ရှိပြီး နွေကာလ(၃) လတွင် ခမ်းခြောက်ပါသည်။ မမြချောင်းနှင့် ငဝန်မြစ်မှ ရေများကို သုံးရေအဖြစ် သုံးစွဲကြရပါသည်။ ကျေးရွာ အတွင်း ယင်လုံအိမ်သာမသုံးစွဲသော အိမ်ထောင်စုမှာ (၁၄၇) စုခန့်ရှိပြီး ကျန်အိမ်ထောင်စု များမှာ ယင်လုံအိမ်သာများ ဆောက်လုပ် သုံးစွဲကြပါသည်။ အိမ်သာဆောက်လုပ်ရန် အခက်အခဲ များမှာ ရေကြီးနစ်မြုပ်မှုနှင့် ငွေကြေး မတတ်နိုင်သောကြောင့်ဖြစ်သည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

နောက်မီးကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၆) ရာခိုင်နှုန်းကျော် ရှိပါသည်။ နောက်မီးကျေးရွာ၏ ရပ်ကွက်ခွဲ အရှေ့ဘက်ကမ်းတွင် မူလတန်းကျောင်း တစ်ကျောင်း နှင့် မြစ်ထိပ် ရပ်ကွက်တွင် အလယ်တန်းကျောင်း (ခွဲ) တစ်ကျောင်းရှိပြီး နောက်မီးအုပ်စုမှ ကျေးရွာများအပြင် ပတ်ဝန်းကျင် (၆) ရွာမှ ကျောင်းသူ/ကျောင်းသားများပါ လာရောက် ပညာသင်ကြားကြပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့်အထိ တက်ရောက်နေသော ကျောင်းသား (၁၉၉) ဦးရှိပါသည်။ ကျောင်းအကျိုးတော်ဆောင် (၂၀) ဦး၊ ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာအ သင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသောကြောင့် ပညာရေးအတွက် အခက်အခဲများမရှိ လုပ်ဆောင်နေနိုင်ပါသည်။

နောက်မီးကျေးရွာ၏ အဓိက အသက်မွေးဂမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း (လယ် နှင့် ကိုင်း)၊ ငါးဖမ်းခြင်း၊ တပိုင်တနိုင်မွေးမြူရေး၊ သင်ဖျာထုတ်လုပ်မှု၊ ပန်းပဲလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများဖြစ်သည်။ စက်ချုပ်၊ ဆံညှပ်၊ ဆိုင်ကယ်ပြင်စသည့်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ကျေးရွာ၏ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ကြုံရာကျပန်းနှင့် အခြားဒေသများသို့ (လှိုင်သာယာ၊ သက်န်းကျွန်း၊ မြိတ်၊ ထိုင်း၊ မလေးရှား) ရွှေ့ပြောင်း လုပ်ကိုင် သူများ ဖြစ်ကြပါသည်။

### (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

နောက်မီးကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၈၉၁)ဦးဖြစ်ပြီးကျား (၄၁၉) ဦးနှင့်မ (၄၇၁) ဦး ရှိသောကြောင့်အမျိုးသမီးလုပ်သားအင်အားအနည်းငယ်ပိုပါသည်။ စပါးပျိုးနုတ်သည့် လုပ်ငန်းကို အမျိုးသားအများစု လုပ်ကိုင်ကြပြီး တစ်နေ့လျှင်ပျမ်းမျှ (၂,၀၀၀-၂,၅၀၀) ကျပ် ရရှိကြသည်။ ပန်းပဲလုပ်ငန်းကို အမျိုးသားများမှ လုပ်ကိုင်ကြ၍ သင်ဖြူးဖျာ ယက်လုပ်ခြင်းမှ ဝင်ငွေကို အမျိုးသမီးများက ရယူနိုင်ကြပါသည်။

ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူ ပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ပရဟိတအဖွဲ့သည်ကျေးရွာ၏ သာရေး၊နာရေး၊ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။ ရပ်မိရပ်ဖနှင့်ဂေါပကအဖွဲ့သည်ကျေးရွာ၏ လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးရွာသန့်ရှင်းရေး၊ စည်ပင်သာယာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာဆောင်ရွက်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျောင်းသစ်တည်ဆောက်ခြင်း၊ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန် ဆုပေးပွဲများ၊ ထူးချွန်ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲများ၊ ကျောင်းအားကစားပွဲများကျင်းပပေးခြင်း၊ မြို့နယ်ပညာရေးဌာနနှင့် ဆက်သွယ်ခြင်းနှင့် ကျောင်း၏အထွေထွေကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများအရေးနှင့်ပတ်သက်သော လှုပ်ရှားမှုများ၊ ပညာပေးဟောပြောပွဲများကို ဆောင်ရွက်ပါသည်။ မီးသတ်အဖွဲ့သည်မီးဘေးလုံခြုံရေးအတွက် ဆော်သြခြင်း၊ ကြိုတင် ပြင်ဆင်ခြင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါသည်။

နောက်မီးကျေးရွာအတွင်းရှိအဖွဲ့အစည်းအချင်းချင်းကြားဆက်သွယ်ဆောင်ရွက်မှု အားနည်းပါသည်။ စာရင်းဇယားမှတ်တမ်းမှတ်ရာ ထားရှိမှုမှာလည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှသာ ထိန်းသိမ်းထားပါသည်။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများပို့ချနိုင်ရန်အဆိုပြုကြပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

နောက်မီးကျေးရွာတွင် မေလကတည်းက စတင်၍ မြေယာပြုပြင်သည့်လုပ်ငန်းများကို

လုပ်ကိုင်ကြပြီး နယုန်လဆန်းအထိ လုပ်ကိုင်ကြသည်ကို တွေ့ရခြင်းအားဖြင့် စပါးတစ်မျိုးတည်း ကိုပင် မြေပြင်ထွန်ယက်သည့် လုပ်ငန်းကိုမြေအနိမ့်အမြင့်ပေါ်မူတည်၍ ချိန်ဆလုပ်ကိုင်ရပါသည်။ စပါးအပြီး ပဲတစ်သီး ထပ်မံစိုက်ပျိုးသည့် သီးလှည့်စနစ်ကို ကျင့်သုံးသည့် ကျေးရွာတစ်ခုဖြစ်သည်။ မတ်ပဲနှင့် ပဲတီစိမ်းကို အောက်တိုဘာလမှ စတင်၍ မြေပြင်ထွန်ယက်ကြပြီး နိုဝင်ဘာလတွင် မျိုးချ ကြဲပက် ကြပါသည်။ အမြင့်ဆုံး တင်း (၂၀) အထိ ထွက်ရှိပါသည်။

စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်း နှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် မိမိတို့စိတ်ပါဝင် စားသူ အစုများစုဖွဲ့ပြီး မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်၍ ချေးငွေရယူနိုင်မည့် နည်းလမ်း များ ရှိပါသည်။ လက်ရှိဖွဲ့စည်းထားသော သမဝါယမအသင်းတွင် လယ်သမားများပါဝင်မှု နည်းပါး၍ မြို့နယ်သမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လယ်သမားများ အားထားနိုင်သည့် သမဝါ ယမ အသင်းအဖွဲ့များ ထပ်မံဖွဲ့စည်းရန် လိုအပ်ပါသည်။

နောက်မီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး တိရစ္ဆာန် ရောဂါကျရောက်မှုနှင့် ပက်သက်သောဗဟုသုတနှင့် နည်းပညာ မသိခြင်းကြောင့် ဆုံးရှုံးပျက်စီးမှုများ ပါသည်။ ယခုနှစ် ရေကြီးနစ်မြုပ်သောကြောင့် တိရစ္ဆာန်ကျန်းမာရေး ထိခိုက်မှုများရှိပါသည်။မိသားစု (၅၇) ဦးသည် နွား၊ မြင်း၊ ဆိတ်၊ ဝက်၊ ဒေသကြက်၊ ဘဲ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

နောက်မီးကျေးရွာတွင် နောက်မီးအင်းရှိပြီးပုဇွန်၊ ငါးဘတ်၊ ငါးတန်၊ ငါးရံ့၊ ငါးနုသန်း၊ ငါးသိုင်းခေါင်းပွ၊ ငါးဖားမ၊ ငါးခုံးမ၊ ငါးပြေမစသော ငါးသားပုဇွန်မျိုးများနေထိုင်ကျက်စားပါသည်။ ကျေးရွာတွင် ရေလုပ်သား (၁၆) ဦး ရှိပြီး အသေးစားငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇)လဖြစ်ပါသည်။ငါးမဖမ်းရသောရာသီတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ စီးပွားရေးလုပ်ငန်းအနေဖြင့် အစိုးရ ဝန်ထမ်း၊ ဆံညှပ်၊ စက်ချုပ်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ ခေါင်းရွက်ဗျက်ထိုး၊ အရောင်းအဝယ်၊ စက်ပြင်၊ ပန်းဘဲ၊ သင်ဖြူးဖျာ ယက်ခြင်း၊ ကောက်စိုက်၊ ကောက်ရိတ်၊ ပျိုးနှုတ်၊ ပဲနုတ်၊ ပဲဆွတ်၊ မြက်ရိတ်၊ အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ခြင်းစသည့် လုပ်ငန်းများကို အဓိကလုပ်ကိုင် စားသောက်ကြသည်။ အသက် (၁၄-၂၀) ဝန်းကျင်ရှိ လူငယ်လူရွယ်များသည် အခြား ဒေသများတွင် သွားရောက် လုပ်ကိုင်ကြသည်။ အထူးသဖြင့် ရန်ကုန်မြို့သို့ သွားရောက်ကြပြီး အထည်ချုပ် စက်ရုံ၊ စတိုးဆိုင်၊ ဆံပင်ညှပ်ဆိုင်နှင့် အရောင်းစာရေး စသည်ဖြင့် လုပ်ကိုင်ကြသည်။ လုပ်အားခရရှိငွေဖြင့် တစ်လလျှင် ပျမ်းမျှအားဖြင့် အများဆုံး (၅၀,၀၀၀ - ၁၀၀,၀၀၀) ကျပ် ပြန်လည် ပေးပို့နိုင်ကြသည်။

နောက်မီး ကျေးရွာတွင် ပန်းဘဲဖို (၁၂)ဖို ရှိပြီး ကျေးရွာမှ ထွက်ရှိသော ဓားများမှာ အရည် အသွေး ကောင်းမွန်ခြင်းကြောင့် နာမည်ကောင်းရရှိပါသည်။ နောက်မီးကျေးရွာမှ သင်ဖျာယက်လုပ်

ခြင်းမှာလည်း နာမည်ကြီး ဒေသထွက်ကုန်ပင် ဖြစ်သည်။ ဖျာယက်လုပ်သည့်ဒိုင် (၁၂) ဒိုင် ခန့်ရှိ၍ ယက်လုပ်သူ လုပ်သား အိမ်ထောင်စုမှာ (၃၀၀) ခန့် ဖြစ်သည်။ တစ်နှစ်ပတ်လုံး လုပ်ကိုင် နိုင်သော လုပ်ငန်းဖြစ်သည်။ စက်ချုပ်ဆိုင်မှာလည်း (၃) ဆိုင်ခန့် ရှိ၍ ကျေးရွာတွင်းရှိ အမျိုးသမီး ငယ်များမှာ ချုပ်ထည်များ ဝတ်ဆင်မှုများသဖြင့် ဝင်ငွေကောင်းမွန်ပါသည်။ ခေါင်းရွက်ဗျက်ထိုး လုပ်ကိုင်သူ များမှာအင်္ဂပူဈေးမှ ဟင်းသီးဟင်းရွက်၊ ငှက်ပျော အစရှိသည်တို့ကိုယူ၍ စက်ဘီးဖြင့် သယ်ယူ၍ ကျေးရွာတွင်းနှင့် ရွာနီးချုပ်စပ်များသို့ သွားရောက် ရောင်းချကြသည်။ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူများမှာ စပါးရောင်း/ဝယ်ခြင်း၊ ပဲရောင်း/ဝယ်ခြင်း၊ ဓါးရောင်း/ဝယ်ခြင်း၊ ဖျာရောင်း/ ဝယ်ခြင်း တို့ကိုပြုလုပ်ကြ၍ ဝင်ငွေကောင်းမွန်ကြပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံ ပေးခြင်းမရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါ သည်။ သလပ်ခွာတိုက်နယ်ကျေးရွာတွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက်တာဝန်ယူ ဆောင် ရွက်ပါသည်။

### (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ် နှုန်းထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ(၁,၀၀၀,၀၀၀) ကျပ်ဖြစ် သည်။ အတိုးနှုန်းမှာ(၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ(၇)လ ဖြစ်သည်။ လယ်သမားများအနေဖြင့်တစ်ဧကလျှင်(၁၀၀,၀၀၀)ကျပ်နှုန်းဖြင့် လုံလောက်ခြင်းမရှိချေ။ တစ်ဧကကုန်ကျစရိတ်မှာ(၂၀၀,၀၀၀)ကျပ်ခန့်ကုန်ကျသည်။ ထို့အပြင်စိုက်ပျိုးရေးချေးငွေကို ပြန်လည် ပေးဆပ်ရန်အချိန်ကျလာပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲရောင်းချရခြင်း၊ အခြားမှငွေတိုး ဖြင့်ယူ၍ ရောင်းချရခြင်းစသည့်အခက်အခဲများရှိနေပါသည်။ လယ်သမားများအနေဖြင့်လုံလောက် သောချေးငွေပမာဏအား နှစ်ရှည်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့်အစီအစဉ်များလည်းရှိပါသည်။ ထိုအဖွဲ့၏ပုံစံမှာ အဖွဲ့ဝင်ဖြစ်မှသာ ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းသာ ငွေထုတ်ချေးခွင့် ရရှိကြပါသေးသည်။ ငွေပမာဏမှာတစ်ဦးလျှင်ပထမအကြိမ် တွင်(၁၀၀,၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။ အတိုးနှုန်းမှာ ယခင်က (၁.၅၀) ကျပ်နှုန်းဖြစ်ပြီး ယခု အခါတွင် (၁.၁၅) ကျပ် နှုန်းအဖြစ် အတိုးနှုန်း လျှော့ချထားပြီး ဖြစ်ပါသည်။ ချေးငွေကာလမှာ (၆) လ ဖြစ်ပါသည်။ မွေးမြူရေးနှင့် လက်လုပ်လက်စားများအတွက် ငွေထုတ်ချေးရန်အစီအစဉ်ရှိပြီး စုငွေ (၅,၀၀၀) ကျပ် ပေးသွင်းပြီး ဖြစ်ပါသည်။

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက် နေသည်မှာ(၂)နှစ်ခန့်ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအားချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာပထမနှစ်တွင် (၂၀၀,၀၀၀)ကျပ် ဖြစ်ပြီး၊

ရိုးရိုးချေးငွေမှာ(၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေ ရရှိရန် ပုံစံ (၇)လိုအပ်သည်။ ချေးငွေ သက်တမ်းကြာလာသည်နှင့်အမျှ ငွေပမာဏတိုးမြှင့်၍ချေးယူနိုင်ပါသည်။ ကျပန်းလုပ်ကိုင်သူ မိသားစုများအနေဖြင့်လည်း ပုံမှန်ဝင်ငွေရရှိသည့် အလုပ်အကိုင် များပြားခြင်းကြောင့် ပြန်လည်ပေး ဆပ်ရန် အဆင်ပြေချောမွေ့ပါသည်။ သို့ရာတွင် လယ်ယာမြေများရေမြုပ်ပျက်စီးခြင်းနှင့် ရေကြီးခြင်း ကြောင့် ယခုအခါတွင် နှစ်ပတ်တစ်ကြိမ် ပြန်လည် ပေးဆပ်ရန် အခက်အခဲ ရှိနေပါသည်။ အကယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပုံမှန်ဝင်ငွေရရှိသည့်လုပ်ငန်း အစရှိသည့် လုပ်ငန်းအပေါ်တွင် မူတည်၍ ပြန်လည်ပေးဆပ်ရန် အချိန်ကာလ သတ်မှတ်ပေးလျှင် ပြန်လည် ပေးဆပ်ရန် ပိုမို အဆင်ပြေနိုင်မည် ဖြစ်သည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

နောက်မီးကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများမှပါ တက် ရောက်ကြပါသည်။ နောက်မီးကျေးရွာတွင် မူလတန်းအဆင့် ပညာသင်ကြားနေသူ (၁၃၂) ဦး၊ အလယ်တန်းအဆင့် (၆၇) ဦး၊ အထက်တန်းအဆင့်တွင် (၁၆) ဦးနှင့် ဟသ်ာတတက္ကသိုလ်တွင် တက်ရောက်နေသူများမှာ (၁၇) ဦး ရှိပါသည်။ကျောင်းအုပ်ဆရာကြီးအပါအဝင်စုစုပေါင်း (၁၁) ဦး ရှိပါသည်။ တပည့်-ဆရာ အချိုးအားဖြင့် မူလတန်း(၂၀)နှင့် အလယ်တန်း(၂၅) ဖြစ်ပါသည်။

၂၀၀၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော ၁၈၀-x ၃၀-x၁၅- တစ်ထပ်ကျောင်းဆောင်၏ အုတ်ပတ်ကား သွပ်မိုးဖြစ်ပြီး အခန်းများ ကန့်ထားခြင်းမျိုးမဟုတ်ပဲ ယာယီအကန့်များဖြင့်သာ ကန့် ထားပါသည်။ မျက်နှာကြက်မရှိသေးပဲ တပ်ဆင်ရန် လိုအပ်နေပါသေးသည်။ နောက်ထပ် ၆၀-x ၃၀- x၁၅-တစ်ထပ် ကျောင်းဆောင်တစ်ဆောင် ထပ်မံရရှိရန် မြို့နယ်အခြေခံပညာဦးစီးဌာနသို့ တင်ပြ ထားရှိပါသည်။ ကျောင်းသူ၊ ကျောင်းသားများအတွက် သောက်သုံးရေကို (၂) လက်မရေတုံကင်မှ ရယူသုံးစွဲပါသည်။ တပ်ဆင်ထားသောရေစုပ်စက်ကို ကျောင်းပိုင်နှင့် အရပ်ပိုင် ကွဲပြားအောင် လုပ်လို ပါသည်။ နောက်မီးအလယ်တန်းကျောင်း (ခွဲ) မှ ပြီးမြောက်၍ သက်ကယ်ပြင် အထက်တန်းကျောင်း (ခွဲ)တွင် သွားရောက်ပညာသင်ကြားသူများမှာ ထူးချွန်ကြပြီး ဆယ်တန်းတွင်(၅) ဘာသာ ဂုဏ်ထူး ဖြင့် အောင်မြင်သည့် ကျောင်းသားတစ်ဦးရှိခဲ့ပါသည်။

နောက်မီးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး ရောဂါများ အဓိက ဖြစ်ပွား လေ့ရှိပြီး ညောင်ကျိုးတိုက်နယ် လက်အောက်ခံဖြစ်သည့် ကျေးရွာအတွင်းရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် သားဖွားဆရာမ (၁) ဦးနှင့် အရန်သားဖွား (၂) ဦးမှ တစ်လတစ်ကြိမ် ကာကွယ်ဆေး ထိုးနှံရေး ကိစ္စရပ်များအတွက် လုပ်ဆောင်ပေးပြီး ပတ်ဝန်းကျင် ကျေးရွာများမှ လာရောက်ပြသကြ ပါ သည်။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအတွက်လည်း ကောင်းစွာစောင့်ရှောက်နိုင်ပြီး အရပ်လက်သည်များရှိခြင်းကြောင့်လည်း ကလေးမွေးဖွားခြင်းကိစ္စရပ်များအတွက် စိတ်ချရပါသည်။ သို့သော်လည်း မီးဖွားဆောင် သီးသန့် ဆောက်လုပ်ပေးနိုင်လျှင် ကျေးရွာရှိ မွေးလူနာများနှင့် မွေးကင်းစကလေးများအတွက် ပိုမိုစိတ်ချရမည့် အနေအထားရှိလာပါမည်။ ကျန်းမာရေးအတွက် ကုန်ကျစရိတ်မတတ်နိုင်သော မိသားစုများအတွက် ကျန်းမာရေးရန်ပုံငွေတစ်ရပ် ထူထောင်ပြီး

ထောက်ပံ့ပေးရန် လိုအပ်နေပါသည်။

ကျေးရွာအတွင်းတွင် သောက်ရေအတွက် အုတ်ရေတွင်း (၆) တွင်း ရှိပြီး နွေကာလ (၃) လ တွင် ခမ်းခြောက်ပါသည်။ မမြချောင်းနှင့် ငဝန်မြစ်မှ ရေများကို သုံးရေအဖြစ် သုံးစွဲကြရပါသည်။ ထို့ကြောင့် ကျေးရွာအတွက် သောက်ရေနှင့် သုံးရေလုံလောက်မှုရှိစေရန် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။ကျေးရွာအတွင်း ယင်လုံအိမ်သာမသုံးစွဲသော အိမ်ထောင်စုမှာ (၁၄၇) ခန့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာများ ဆောက်လုပ် သုံးစွဲကြပါသည်။ အိမ်သာဆောက်လုပ်ရန် အခက်အခဲများမှာ ရေကြီးနစ်မြုပ်မှုနှင့် ငွေကြေး မတတ်နိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာအတွင်း အိမ်တိုင်းစေ့ အိမ်သာဆောက်လုပ်သုံးစွဲကြရန် အသိပညာပေး လုပ်ငန်းများနှင့် အိမ်သာမဆောက်လုပ်နိုင်ကြသော အိမ်ထောင်စုများအတွက် ရေကြီးမှုဒဏ်နှင့် ဆီလျော်သော အိမ်သာများတည်ဆောက်ကြရန်၊ အဆင်မပြေသော အိမ်ထောင်စုများအတွက် အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်စသည်ဖြင့် ဆွေးနွေး တိုင်ပင်ကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင်ပါဝင် ဆောင်ရွက်ကြပါသည်။ Internet အသုံးပြုသူ လူငယ်များလည်းရှိပါသည်။ ကျေးရွာ၌စာကြည့်တိုက်မရှိပါ ။ စာကြည့်တိုက်ထူထောင်ရန်အဆိုပြုကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်း (၃) လမ်းရှိသည့်အနက် အတွင်းလမ်းတွင် ကျောက်တံတား (၃၀—x ၄— x ၁၅—) ရှိ၍၊ ထိုတံတားမှာ သက်တမ်းကြာမြင့်နေပြီ ဖြစ်သောကြောင့် ပျက်စီးလုနီးပါးဖြစ်နေပါသည်။ အရှေဘက်ကမ်း (နောက်လမ်း) နှင့်အရှေဘက်ကမ်း (ရှေ့လမ်း) တို့ကြားတွင် ချောင်းကူး တံတား (၂၁၀—x ၄— x ၁၅—) ရှိပါသည်။ ထိုတံတားမှာ ယခုအခါ ရေအောက်တွင် (၈) ပေခန့် နစ်မြုပ်နေပါသည်။ ကျေးရွာမှ နှစ်စဉ်တည်ဆောက် အသုံးပြုနေရသော တံတားဖြစ်ပါသည်။

ကျေးရွာမှ (၁) ကျောက်တံတား (၃၀—x ၄— x ၁၅—) အားကွန်ကရစ်တံတား အဖြစ်လည်းကောင်း၊ (၂) ချောင်းကူး တံတား (၂၁၀—x ၄— x ၁၅—) အား ကြိုးတံတားအဖြစ်လည်းကောင်း ပြုပြင်တည်ဆောက်လိုကြပါသည်။ နောက်မီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ အဓိကအသုံးပြုရပြီး၊ ရေလမ်းလည်း အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ စက်လှေ(၆) စီး၊ လှေ/ သမ္ဗာန်(၁၂၀) စီး၊ စက်ဘီး (၂၃၅) စီး၊ မော်တော်ဆိုင်ကယ်(၉၄) စီး၊ ထော်လာဂျီ (၄) စီးနှင့် တောကား (၁) စီးရှိပါသည်။

ကျေးရွာမှ စုပေါင်း၍ ဒီဇယ်သုံးအင်ဂျင်ကိုအိမ်ခြေ (၂၄) အိမ်မှ တစ်အိမ်ထောင်လျှင် (၅၀,၀၀၀)ကျပ် ထည့်ဝင်၍ လျှပ်စစ်မီးပေးပါသည်။ အိမ် (၁၃၆)ခန့်ကို လျှပ်စစ်မီးပေးပါသည်။ အစုဝင် (၂၄) အိမ်အတွက် တစ်လလျှင် (၃,၅၀၀) ကျပ်ပေးရပြီး၊ ကျန်အစုဝင် မဟုတ်သော (၁၉)

အိမ်မှာ တစ်လလျှင် (၆,၀၀၀) ကျပ် ပေးရပါသည်။ ကျန်အိမ်များမှာ ဘက်ထရီမီးများကိုသာသုံးနေပါသည်။ ညောင်ကျိုးတိုက်နယ်ကျေးရွာသို့ သွယ်တန်းသော လျှပ်စစ်မီးလိုင်းမှာ ကျေးရွာအနီးမှ ဖြတ်သန်းသွားသောကြောင့် ထိုလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန် စိတ်အားထက်သန်လျှက်ရှိပါသည်။

ကျေးရွာတွင် Telenor, Ooredoo, MPT ဖုန်းလိုင်းများအားလုံး ဆက်သွယ်နိုင်ပါသည်။ MPT ဖုန်းလိုင်းသည်မှာ ပို၍ဆက်သွယ်အားကောင်း ပါသည်။ Internet အသုံးပြုသူ လူငယ်များလည်း ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

အိမ်နီးနားချင်း တစ်ခါတစ်ရံ အချင်းများမှုလေးများသာရှိ၍ ကြီးကြီးမားမား ပြဿနာ မရှိပါ။ မှုခင်းဖြစ်ပွားမှုမှာလည်း သာမန်အဆင့်သာ ဖြစ်ပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

နောက်မီးကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်း (၈၄၀)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၄.၀၇) % ရှိပါသည်။ တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

နောက်မီးကျေးရွာတွင် စပါး၊ မတ်ပဲနှင့် ပဲတီစိမ်းကို အဓိကအားထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေ၊ ရာသီဥတုအရ သင့်တော်ဖြစ်ထွန်းသည့်အတွက် စပါးနှင့် ပဲသီးလှည့်စိုက်ပျိုးနိုင်ပါသည်။ နောက်မီးကျေးရွာတွင် ဒိုက်အင်းနှင့် ဒိုက်အင်းရိုးများမှ အချို့သောနောက်ကျ ပဲမျိုးစုံစိုက်ခင်းဧက (၁၀၀)ခန့် အထိ ရေတင်စိုက်ပျိုးနိုင်ပါသည်။ မွေးမြူရန် မြေနေရာ အခက်အခဲမရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက်ကောင်းခြင်း၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်းဆက် သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများ အတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။

နောက်မီးကျေးရွာမှ ထွက်ရှိသော ကုန်ကြမ်းများအား ကုန်ချောနှင့်တန်ဖိုးမြင့်ထုတ်ကုန် လုပ်ငန်းများ၊ ဆန်အခြေခံမုန့်များ ထုတ်လုပ်ရောင်းချနိုင်ခြင်းစသည်ဖြင့် အိမ်တွင်း အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသည်။ ထို့အပြင် နောက်မီးကျေးရွာသည် လက်မှုပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ ခါးစသည့် ထုတ်ကုန်များထွက်ရှိရာ နာမည်ကျော်ကြားသည့် ကျေးရွာဖြစ်သည်။

နောက်မီးကျေးရွာတွင်စပါးစိုက်ပျိုးသည့် တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေ၊ သမဝါယမအသင်းအဖွဲ့များအတွက် ထုတ်ချေးငွေနှင့် ပက်မြန်မာမှ ထုတ်ချေးငွေစသည်ဖြင့် အသက်မွေးဝမ်းကျောင်းချေးငွေများရှိ၍ စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

နောက်မီးကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရှိ၍ ကျေးရွာ၌ အလယ်တန်းပညာရေးအထိ မိမိတို့ကျေးရွာ အတွင်း၌ပင် သင်ယူခွင့်ရှိနေပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်သားဖွားဆရာမ (၁) ဦး၊ အရန်သားဖွား (၂) ဦးရှိ၍ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများရရှိနိုင်ပါသည်။

ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေဖြင့် ကျေးရွာ၏ သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကိုဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လများ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

နောက်မီးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင်အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

စပါးနှင့် ပဲမျိုးစုံစိုက်ခင်းများတွင်လည်း ကြွက်ကဲ့သို့သော ပိုးမွှားများ ပြင်းပြင်းထန်ထန်ကျရောက်လေ့ရှိသောကြောင့် သီးနှံအထွက်နှုန်းများကို ကျဆင်းစေ၍ မိသားစုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ မွေးမြူရေး ဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှုကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် မွေးမြူရေးကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲ ဖြစ်နေကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန်နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင်လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

နောက်မီးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် သမ ဝါယမအသင်းအဖွဲ့များမှ ချေးငွေများကို ရယူနိုင်သော်လည်း ကာလတိုချေးငွေများဖြစ်ခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများ အတွက်လုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးမည့်ချေးငွေအမျိုးအစားများ မရှိခြင်းကလည်း အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေမည့် အလားအလာကို အဟန့်အတားဖြစ်စေပါသည်။

နောက်မီးကျေးရွာတွင် ကျန်းမာရေး အသိပညာဟောပြောပွဲ များ စဉ်ဆက်မပြတ်ပြုလုပ်ရန် အားနည်း၍ ကျေးရွာသူ/သားများမှ လိုက်နာကျင့်သုံးမှု အလေ့အထများပါ နည်းပါးလာရာ ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေရန် အချိန်ယူကြိုးစားရဦးမည်ဖြစ်ပါသည်။ ထို့အပြင် နောက်မီးကျေးရွာတွင် နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်လေ့ရှိ၍ ခိုင်ခံ့သော ယင်လုံအိမ်သာများကို ဆင်းရဲသား မိသားစုများမှ ဆောက်လုပ်သုံးစွဲနိုင်ခြင်းမရှိသည်မှာ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအတွက် အဟန့်အတားများဖြစ်စေ ပါသည်။

ကျေးရွာ၏ ဓလေ့မှာ ဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစား လေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ ထို့ကြောင့်လူငယ်များအား အဖွဲ့အစည်းများအတွင်း လုပ်ကိုင်နိုင်သည့် အရည်အသွေး များမြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူ လုပ်ကိုင်စေခြင်းစသည့် နည်းလမ်းများ ရှိသော်လည်း လူငယ်အ များစုသည် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲများရှိနေမည် ဖြစ်ပါ သည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ နောက်မီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာယေဘုယျ အားဖြင့် လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင် ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများတိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှုပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၄) ကျေးရွာအတွင်း လမ်း၊ တံတား ကောင်းမွန်အောင်ဆောင်ရွက်ပြီးဆက်သွယ်ရေးကောင်းမွန်လာရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့်အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသောစပါးမျိုးများ၊ ပဲမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ရေး အစီအမံ များ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီ သော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး

ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာအတွင်းရှိ လူငယ်များ စာတတ်မြောက်မှု တိုးတက်လာစေရေးအတွက် မိဘ၊ ဆရာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် ညောင်ကျိုးသို့ဆက်သွယ်ထားသည့် မဟာလျှပ်စစ်ဓာတ်အားလိုင်းသည် ကျေးရွာအနီးမှ ဖြတ်သန်းသွားသောကြောင့် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

(၇) ကျေးရွာတွင် လိုအပ်သောတံတားများ တည်ဆောက်ပေးခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် ကျေးလက်/ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

နောက်မီးကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများ

စသည့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့် အညီ ပြောင်းလဲသင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း**

နောက်မီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သောထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာန နှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊

- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၆၀ | ၉ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း | • ကျေးလက်/ ဦးစီး |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
| **သွင်းအားစု နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၆၈ | ၈ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• လိုအပ်သော နည်းပညာများအတွက် သင်တန်းများ ပြုလုပ်ခြင်း။<br>• ဈေးကွက်နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း | • |
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၃။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေ ရေး | ၅၅ | ၁၀ | • ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများစီစဉ်ပေးရေး<br>• ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်း သင်တန်းများ စီစဉ်ပေးရေး (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ်ခြင်းနည်းပညာတိုးတက်ဖွံ့ဖြိုးရေး (သင်ဖြူးဖျာ၊ ဓါး) ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း။<br>• အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။ | • ကျေးလက်/ ဦးစီး |
| ***ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်း** | ၄။ ထိရောက်သော ချေးငွေဝန် ဆောင်မှုများအား | ၉၀ | ၂ | • ချေးငွေရရှိရန်ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။ | • |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးရေး** | လက်လှမ်းမီ ရေး | | | • ဈေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။ | |
| ***ပညာရေး*** | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၅။ကျေးရွာ ပညာရေးကဏ္ဍ၏ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေး | ၈၈ | ၃ | • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်<br>• ပြင်ပအလှူရှင်များရှာဖွေရန်နှင့် ကျေးရွာလူထုမှ ပူးပေါင်း ပါဝင်ရန်<br>• ကျောင်းအိမ်သာအသစ် တည်ဆောက်ရန်၊ ကျောင်းဆောင် မျက်နှာကြက် တပ်ဆင်ရန်<br>• ကျောင်းပရိဘောဂများ ဖြည့်တင်းရေး | • |
| ***ကျန်းမာရေး*** | | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၆။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာစေရေး | ၈၀ | ၅ | • ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း<br>• ရွာသူရွာသားများစုပေါင်း၍ ကျန်းမာရေး၊ နာရေး ရံပုံငွေထူထောင်ရေး | • |
| ***ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*** | | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၇။ ရေကောင်းရေသန့် လုံလောက်စွာ အသုံးပြုနိုင်ရေး | ၇၈ | ၆ | • ရေစစ်အိုးပြုလုပ်နည်း မျှဝေပေးနိုင်မည့်အဖွဲ့ (သို့) အလှူရှင်များနှင့် ချိတ်ဆက် ခြင်း။<br>• (၄) လက်မစက် ရေတွင်း နှင့် အုတ်ရေကန် တည်ဆောက်ရန်အတွက် ဌာနများ၊ အလှူရှင်များနှင့် ချိတ်ဆက် ခြင်း။<br>• အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲရေး စီမံချက်နှင့်အိမ်သာအတွက် အလှူရှင်များနှင့် ချိတ်ဆက်ခြင်း။ | • |
| ***လမ်းပန်း ဆက်သွယ်ရေး*** | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၈။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၇၀ | ၇ | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြရန်<br>• ပုဂ္ဂလိက အလှူရှင်များနှင့် ဆက်သွယ်တောင်းခံရန်<br>• သံကူကွန်ကရစ်တံတား (၁) စင်း တည်ဆောက်ရန် (၃၀–x ၁၂–x၁၀–)<br>• ကြိုးတံတား (၁) စင်း တည်ဆောက်ရန်<br>• (၂၀၀–x ၄–x ၁၂–ရေပြွန် (၂) ခု တပ်ဆင်ခြင်း။ | • ကျေးလက်/ ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လျှပ်စစ်ဓာတ်အားသုံးစွဲရေး*** | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၉။ မဟာဓာတ်အားလိုင်းမှ ကျေးရွာ မီးလင်းရေး အကောင်အထည်ဖော်ခြင်း။ | ၉၄ | ၁ | • ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်။<br>• ကျေးလက်ဒေသဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်ယူခြင်း | • ကျေးလက်/ ဦးစီး |
| ***လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား*** | | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး** | ၁၀။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၈၅ | ၄ | • လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ စီစဉ်ပေးရန်<br>• စာကြည့်တိုက် တည်ထောင်ရေး<br>• သာရေးနာရေးရန်ပုံငွေ ထူထောင်ရေး | • ကျေးလက်/ ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစား ပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး | ၁ | √ | | | | |
| ၂ | လုံလောက်သော ပမာဏနှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး | ၂ | √ | | | | |
| ၃ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | ၃ | √ | | | | |
| ၄ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၄ | √ | | | | |
| ၅ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၅ | | √ | | | |
| ၆ | ရေကောင်းရေသန့် လုံလောက်စွာ အသုံးပြုနိုင်ရေး | ၆ | √ | | | | |
| ၇ | ပို့ဆောင်ရေး အခြေခံအဆောက်အဦ များ တိုးတက်လာစေရေး | ၇ | | √ | √ | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | ၈ | √ | √ | √ | √ | √ |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး | ၉ | √ | | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး | ၁၀ | √ | √ | √ | √ | √ |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်

ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆိုပြုတောင်းခံရေး | | | | | |
| ၂ | လုံလောက်သော ပမာဏနှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး | | | | | |
| ၃ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | | | | | |
| ၄ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | | | | | |

| | | | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | |
| စဉ် | စီမံချက် | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၅ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | |
| ၆ | ရေကောင်းရေသန့် လုံလောက်စွာ အသုံးပြုနိုင်ရေး | | | | | |
| ၇ | ပို့ဆောင်ရေး အခြေခံအဆောက်အဦ များ တိုးတက်လာစေရေး | | | | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | | | | | |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | | | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီ

များရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

နောက်မီးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အ လက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံး ချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

#### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေ ရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများ သို့အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါ သည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁။ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁၃ | ၁၄ | ၂၇ | ၁.၉၄ % | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၄၉ | ၃၄ | ၈၃ | ၅.၉၈ % | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၄၈ | ၅၉ | ၁၀၇ | ၇.၇၀ % | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၆၉ | ၅၀ | ၁၁၉ | ၈.၅၇ % | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၄၁၉ | ၄၇၁ | ၈၉၀ | ၆၄.၀၇ % | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၇၃ | ၉၀ | ၁၆၃ | ၁၁.၇၄ % | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၆၇၁** | **၇၁၈** | **၁၃၈၉** | **၁၀၀ %** | |
| **စုစုပေါင်း အိမ်ထောင်စု = ၃၅၅** | | **၃.၉၁ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် အိမ်ခြေပေါင်း (၃၅၅) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၃၈၉) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၃.၉၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် လျော့နည်းမှု ရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၈ | ၃၆.၀၆ | ၀ | လယ် / ကိုင်း - ၁၂၈ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၈ | ၁၃.၅၂ | ၁၅၂ | နွား၊ ကြက်၊ ဝက်၊ ဘဲ တပိုင် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| | | | | | တနိုင် မွေးမြူကြပါသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၄.၅၀ | ၀ | နောက်မီးအင်းတွင် ရေချို ငါးဖမ်းခြင်း - ၁၆ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၈.၇၃ | ၀ | ပန်းပဲ - ၁၂၊ သင်ဖျာ ယက်လုပ်သူ - ၁၉၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၃၆ | ပန်းပဲလုပ်သား - ၃၆ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁.၄၀ | ၀ | လက်သမား - ၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၂၈ | ၀ | ဆိုင်ကယ်ပြင် - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၅၆ | ၃ | ဆံသဆိုင် - ၂၊ စက်ချုပ် - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၇.၀၄ | ၁၆ | ကုန်စုံဆိုင်ကြီး - ၈၊ အိမ်ဆိုင်ငယ် - ၆၊ ခေါင်းရွက်ဗျက်ထိုး - ၁၀၊ စပါးအရောင်းအဝယ် - ၁၀၊ ပဲပွဲရုံ - ၂၊ ဓါး၊ ဖျာအရောင်းအဝယ် - ၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၀.၈၅ | ၀ | လက်ဖက်ရည်ဆိုင် - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၂၈ | ၀ | ရှေ့နေ - ၁ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | ***ပညာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၈၅ | ၀ | ကျောင်းဆရာမ - ၃ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | ***ကျန်းမာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉၂ | ၂၅.၉၁ | ၅၀ | ကောက်ရိတ်၊ ကောက်စိုက်၊ ပျိုးနှုတ်၊ ပဲနုတ်၊ ပဲဆွတ်၊ ငါးပိလုပ်ရောင်း သူ၊ ရွှေ့ပြောင်းသွား ရောက် လုပ်ကိုင်သူ အိမ်ထောင်စု - ၉၂၊ ရန်ကုန်၊မြိတ်၊ ထိုင်း၊ မလေးတွင် သွားရောက် လုပ်ကိုင်သူများ (စာရေး၊စက်ရုံများ၊ ခြံလုပ်ငန်း) - ၅၀ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၃၅၅** | **၁၀၀** | **၂၅၇** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၈၉၀)ဦးဖြစ်ပြီးကျား (၄၁၉) ဦးနှင့်မ (၄၇၁) ဦး ရှိသောကြောင့်ကျား/မ လုပ်သားအင်အား အချိုးမှာ အမျိုးသမီးမှ သာလွန်နေပါသည်။ အမျိုးသားအများစု နှင့် အမျိုးသမီးငယ် အများစုမှာ လယ်ယာလုပ်ငန်း၊ ငါးဖမ်းခြင်း၊ တပိုင်တနိုင်မွေးမြူရေး စသောလုပ်ငန်းခွင်များတွင် ကောင်းစွာလုပ်ကိုင် ဆောင်ရွက်နိုင်သော်လည်း အမျိုးသမီးကြီးများမှာ မိသားစုကိစ္စရပ်များနှင့် ကလေးထိန်းခြင်းဖြင့်သာ အချိန်ကုန်ကြ ပါသည်။

နောက်မီးကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာစိုက်ပျိုးရေးလုပ်ငန်း (လယ် နှင့် ကိုင်း)၊ ငါးဖမ်းခြင်း၊ တပိုင်တနိုင်မွေးမြူရေး၊ သင်ဖျာထုတ်လုပ်မှု၊ ပန်းပဲလုပ်ငန်း နှင့် ကျပန်း လုပ်ငန်းများ ဖြစ်သည်။ စက်ချုပ်၊ ဆံညှပ်၊ ဆိုင်ကယ်ပြင်စသည့်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ များလည်း ရှိပါသည်။ကျေးရွာ၏ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ကြုံရာကျပန်း နှင့် အခြားဒေသများသို့ (လှိုင်သာယာ၊ သင်္ကန်းကျွန်း၊ မြိတ်၊ ထိုင်း၊ မလေးရှား) ရွှေ့ပြောင်းလုပ်ကိုင်သူများ ဖြစ်ကြပါသည်။

## (၁.၃) သဘာဝ အရင်းအမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၉၇ | ကောင်း | မရ | ဒိုက်အင်း(အင်းနှင့်နီးသော လယ်မြေများ) |
| ယာမြေ<br>ဥယျာဉ်ခြံမြေ<br>အိမ်ခြံဝင်း စိုက်ခင်း | ၁ | ကောင်း | မရ | သဘာဝမိုးရေ |
| ရွှေ့ပြောင်း တောင်ယာ<br>ကိုင်း/ကျွန်းမြေ<br>စားကျက်မြေ<br>ပလပ်မြေ<br>သစ်တောမြေ<br>အခြား(ရာဘာ) | ၁၇၉ | ကောင်း | မရ | သဘာဝနန်းတင်မြေနု |
| **စုစုပေါင်း** | ၆၇၇ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မြေဆီလွှာမှာ တောင်သူများ ဆွေးနွေးတင်ပြချက်များအရ အလယ်အလတ် အရည်အသွေး ရှိပါသည်။ စပါးစိုက်ပျိုးသောမြေများကို ရွာ၏အနောက်ဘက်တွင်ရှိသော ဒိုက်အင်းမှတဆင့် ရေကို

တင်ယူ စိုက်ပျိုးနိုင်ပါသည်။ ရေသုံးစွဲမှုများသည့် သီးနှံဖြစ်သော စပါးကို မိုးတွင်း၌သာ စိုက်ပျိုး၍ ကျန်ရာသီ များတွင် ရေလိုအပ်ချက်နည်းသော ပဲမျိုးစုံကိုသာ စိုက်ပျိုးကြပါသည်။

မမြချောင်းနှင့် ဝေနမြစ်ကြားတွင် မိုးအပြီး ပြန်ပေါ်လာသော မြေနုကျွန်းမြေများတွင် မြေပဲကို စိုက်ပျိုးကြပါသည်။ ကိုင်းကျွန်းမြေ (၁၇၉) ဧကတွင် မြေပဲကို ဧက (၃၀) ခန့်သာ စိုက်ပျိုးကြပြီး ကျန်မြေများတွင် ပြောင်းကို စိုက်ပျိုးကြပါသည်။ ကြွက်ကျရောက် ဖျက်ဆီးမှုများကြောင့် မြေနေရာ အားလုံးကို စိုက်ပျိုးနိုင်ခြင်း မရှိပါ။

## (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား | မရှိ | |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | များ (ရေချိုငါးမျိုးစုံ နှင့် ပုဇွန်) | လွယ် |
| အပင်မျိုးစိတ်များ | သင့် (သင်ပင်) | လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင်ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ မထွက်ရှိပါ။ သို့သော် လည်း သဲနှင့်လမ်းခင်းရန် အနယ်ကျကျောက်နုပ်များကို ချောင်းဘေးတာတမံအနီးမှ ပေါများစွာ ရရှိနိုင်ပါသည်။ ရေချိုငါးမျိုးစုံနှင့် ပုဇွန်များမှာ ကျေးရွာပတ်လည်ရှိ ကွင်းများနှင့် မမြချောင်း၊ ဝေန မြစ်တို့မှ လွယ်ကူစွာ ဖမ်းယူရရှိနိုင်ပါသည်။ ဆေးဖက်ဝင် အပင်များမရှိပါ။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| ၃၅၅ အိမ်ထောင်စု | **(၁၉) အိမ် (၅.၃၅ %)** | **(၃၃) အိမ် (၉.၃၀ %)** | **(၈၄) အိမ် (၂၃.၆၆ %)** | **(၂၁၉) အိမ် (၆၁.၆၉ %)** |
| မြေယာပိုင်ဆိုင်မှု | လယ်/ ကိုင်း ဧက(၁၅) ကျော် | လယ်/ ကိုင်း ဧက(၁- ၁၅) ကြား | အချို့ လယ်/ ကိုင်း ဧက (၁-၂)ကြားနှင့် အချို့လယ်/ကိုင်းမပိုင် | လယ်/ ကိုင်းမပိုင် |
| အိမ်အခြေအနေ | အုတ်ခုံခံတစ်ထပ် အိမ်၊ သွပ်မိုး ပျဉ်ခင်း၊ပျဉ်ကာ | အုတ်ခုံခံတစ်ထပ် အိမ်၊ သွပ်မိုး ပျဉ်ခင်း၊ထရံကာ | ဝါးတိုင်၊ ထရံကာ သက်ငယ်မိုး၊ ကြမ်းခင်း | ဝါးတိုင်၊ ထရံ ကာသက်ငယ် မိုး၊ကြမ်းခင်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| လုပ်ငန်းသုံးကိရိ ယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်၊ခိုင်း နွား(၄) ကောင် အထက်၊ ရေစုပ် စက်၊ခြွေစက်၊ မြက်ဖြတ်စက် | လယ်ထွန်စက်၊ ခိုင်းနွား (၂) ကောင်၊ ရေစုပ်စက်၊ မြက်ဖြတ်စက် | လက်လှော်လှေ၊ ငါးဖမ်းပိုက်၊ လုပ်ငန်းသုံး ကိရိယာများ | မရှိ |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်- ၁-၂ စီး၊ ဈေးဆိုင် ဆိုလာ၊ TV | ဆိုင်ကယ်ရှိ၊ ဈေးဆိုင်၊ လက်ကားဈေးသည် | ဆိုင်ကယ် အနည်းစုသာရှိ | အနည်းစုသာ ရှိ |
| အဓိကစီးပွားရေး လုပ်ငန်း၊တနှစ်ဝင် ငွေ | ပိုလျှံ | ဝင်ငွေကျပ် သိန်း (၂၀)၊ အကြွေးရှိ | ဝင်ငွေအသင့်တင့်၊ အကြွေးရှိ | မလောက်ငှ |
| အခြားပိုင်ဆိုင်မှု | လယ်/ ကိုင်း ဧက(၁၅) ကျော် | လယ်/ ကိုင်း ဧက(၁- ၁၅) ကြား | အချို့ လယ်/ ကိုင်း ဧက (၁-၂)ကြားနှင့် အချို့လယ်/ကိုင်းမပိုင် | လယ်/ ကိုင်းမပိုင် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၇၂ | ၂၃.၇၆ % | လုပ်အားကြိုတင်ကြွေးယူခြင်း၊ ကျေးရွာဈေးဆိုင်များမှအကြွေးယူရခြင်း၊ ကျေးရွာမှ ငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။ |
| ၃ လနှင့် ၅ လ အထိ | ၁၃၆ | ၄၄.၈၈ % | လုပ်အားကြိုတင်ကြွေးယူခြင်း၊ ကျေးရွာဈေးဆိုင်များမှ အကြွေးယူရခြင်း။ |
| ၆လ မှ ၁၂ လ အထိ | ၉၅ | ၃၁.၃၅ % | လုပ်အားကြိုတင်ကြွေးယူခြင်း၊ ကျေးရွာဈေးဆိုင်များမှ အကြွေးယူရခြင်း။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝမ်းစာဖူလုံမှု ဆန်းစစ်ချက်ရလဒ်မှရယူသည်။ နွမ်းပါးအိမ်ထောင်စု (၃၀၃) စု ရှိသည့်အနက်

(၇၂) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင်စားသောက်နိုင်ပြီး၊ (၁၃၆) အိမ်ထောင်စုမှာ (၃) လ နှင့် (၅) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည်ကို တွေ့ရှိရသည်။ (၉၅) အိမ်ထောင်စုမှာ (၆) လမှ (၁၂) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်သည်ကို ဆန်းစစ်ချက် ရလဒ်အရသိရပါသည်။ အချို့သော နွမ်းပါးမိသားစုများမှာ စပါးအနည်းငယ်သာ စိုက်ပျိုးသောကြောင့်ဆန်ကို အပြင်မှဝယ်စားကြရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ လုပ်အားခကြိုရောင်းခြင်း၊ ဈေးဆိုင်အိမ်တွင် အကြွေးခံကာ စားသုံးရခြင်းတို့ကြောင့် များစွာထိခိုက် နစ်နာလှပါသည်။

## (၁.၅.၂) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၄ | ၃ | ၇ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ | ၀ | ၁ | ၁ |
| | | **အိမ်ထောင်စု အရေ အတွက်** | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၄ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၁၂ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင် လုပ်ကိုင်နေသူ | | ၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိတ်မနှံ့သူအမျိုးသမီး (၁) ဦး ရှိပြီး ရပ်ရွာမှ စောင့်ရှောက်ထားခြင်းဖြင့် နေထိုင်နေရပါသည်။ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ (၁၂) ဦး၊ မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ (၄) ဦး ရှိပြီး အများစုမှာ အမျိုးသားများ ဖြစ်ပါသည်။ အိမ်ထောင်စု (၂၄) စုမှ ရန်ကုန်မြို့တွင် (၂၀) ဦး၊ မြိတ်မြို့တွင် (၁၂) ဦး သွားရောက် လုပ်ကိုင်ကြပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | စပါးတစ်သီးသာစိုက်ပျိုးနိုင်ခြင်း၊ဝင်ငွေရအလုပ်အကိုင်နည်းပါးခြင်း။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ..) | လတ် | လယ်/ ကိုင်းမြေပိုင်ဆိုင်မှု အသင့် အတင့်သာရှိပြီး စိုက်ပျိုးရေလုံလောက်မှုရှိသည်။ |
| ၃ | ရေကြီးခြင်း | မြင့် | မိုးရာသီတွင် စပါးစိုက်ပျိုးနိုင်ခြင်း မရှိ။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးကောင်းဒေသဖြစ်သည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | မုန်တိုင်း | နိမ့် | ပင်လယ်ဝေးဒေသဖြစ်သည်။ |
| ၆ | ငလျင် | နိမ့် | ငလျင်ကြောမရှိပါ။ |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | ပင်လယ်ဝေးဒေသဖြစ်သည်။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မရှိ | သစ်တောမြေမရှိ၊ဝါးခြံများသာရှိသည်။ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | အနည်းငယ်ရှိသည်။ |
| ၁၂ | တီဘီရောဂါ | နိမ့် | အနည်းငယ်ရှိသည်။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ(IDP) | နိမ့် | မရှိ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | အင်္ဂပူမြို့နှင့်(၆)မိုင်အကွာအဝေးတွင်တည်ရှိခြင်း |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | အရေးကြုံလာပါက အခြား အိမ်ထောင်စု များကဲ့သို့ ပြင်ပတွင် ထွက်၍ အလုပ်လုပ် ကိုင်ရန် မလွယ်ကူပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အရေးကြုံလာပါက အခြားအိမ်ထောင်စု များကဲ့သို့ နေထိုင် ရပ်တည်ရန်မလွယ်ကူခြင်း။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident) | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ | နိမ့် | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ပြောင်းခံရသူများ(IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စု (၂၂၀) ကျော်သည် ရေဘေးကြုံတွေ့ပါကအခက်အခဲနှင့် ကြုံတွေ့နိုင်ပါသည်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ရေနက်ကွင်း ဖြစ်သောကြောင့်ငါးမွေးမြူရေး ကန် တူးဖော်ရန် မလွယ်သဖြင့် လုပ်ကိုင်သူ မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အရေးကြုံလာပါကအခြား အိမ်ထောင်စုများ ကဲ့သို့ နေထိုင်ရပ်တည်ရန် မလွယ်ကူခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | နိမ့် | မရှိ။ |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | မရှိ။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိ သောသူများ | နိမ့် | မရှိ။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ဒေသအနီးသာလုပ်ကိုင်ကြခြင်း။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | ရန်ကုန်မြို့၊ မြိတ်မြို့ နှင့် ပြည်ပ |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများသည် အခြားမိသားစုများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည်ဖြစ်ရာ ဘေးအန္တရာယ် တစ်ခု ခု နှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန် ခက်ခဲပါသည်။

ထို့ပြင် ရေကြီးမှုသည် ကျေးရွာ၏ အနိမ့်ပိုင်းတွင် နေထိုင်သော လယ်သမားမိသားစုများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် လယ်ယာလုပ်ငန်းများတွင် ထိခိုက်နိုင်သဖြင့်ပြန်လည် ထူထောင်ရန် ခက်ခဲနိုင်ပါသည်။

## ၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပရဟိတအဖွဲ့ | ၂ | ၃၀ | ၂၀ | ၅၀ | သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၆ |
| ၂ | ရပ်မိရပ်ဖ/ ဂေါပကအဖွဲ့ | ၂ | ၅ | ၀ | ၅ | သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၆ |
| ၃ | ကျောင်းအကျိုး တော်ဆောင်အဖွဲ့ | ၂ | ၁၅ | ၃ | ၁၈ | ပညာရေး | ၄ | ၆ |
| ၄ | မိခင်ကလေး/အ မျိုးသမီးရေးရာ | ၂ | ၀ | ၁၀ | ၁၀ | အမျိုးသမီးအရေး | ၄ | ၈ |
| ၅ | မီးသတ်အဖွဲ့ | ၂ | ၁၀ | ၀ | ၀ | မီးဘေး ကြိုတင် ကာကွယ်ရေး | ၄ | ၈ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | PACT-Myanmar | ၂ | ငွေချေးခြင်းလုပ်ငန်း |
| | | | |
| | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ
(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများမှာ**

**PACT-Myanmar** အဖွဲ့မှ ငွေချေးခြင်းလုပ်ငန်းများကို လုပ်ကိုင်လျှက် ရှိပြီး၊ အဖွဲ့ဝင်ဦးရေ (၁၀၀) ရှိပါသည်။ (၂) ပတ်တစ်ကြိမ်ပြန်ဆပ်ရန်နှင့် (၁) နှစ်အတွင်းအကြေဆပ်ရန် ဖြစ်ပါသည်။ (၂.၅) ကျပ် တိုး(လတိုး) ဖြစ်ပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၂၇ | ၆၃.၉၄ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက်တာထိ) | ၄၂ | ၁၁.၈၃ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟက်တာထိ) | ၄၂ | ၁၁.၈၃ % | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟက်တာထိ) | ၃၅ | ၉.၈၆ % | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟက်တာ နှင့် အထက်) | ၉ | ၂.၅၄ % | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၃၅၅** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် သီးနှံတိုးချဲ့ စိုက်ပျိုးရန် မြေဧရိယာ မရှိတော့ပေ။ လက်ရှိမြေဧရိယာ ပေါ်တွင်သာ အထွက်နှုန်းကောင်းရရန်နှင့် အရည်အသွေးကောင်း ဈေးကွက်မှီသောထုတ်ကုန်များ

တိုးတက်ထုတ်လုပ်ရန်သာအရေးကြီးပါသည်။ စိုက်ပျိုးမြေ မပိုင်ဆိုင်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စုများအပေါ် အဓိက မှီခိုကြရပြီး အနည်းစုမှာ အခြားဒေသများ တွင်သွားရောက် အလုပ်လုပ်ကိုင်ကြသည်။

နောက်မီးကျေးရွာသည် လယ်နှင့် ကိုင်း(၂) မျိုးရှိပြီး၊ လယ်တွင်စပါးတစ်သီးသာ အဓိက စိုက်ပျိုးပြီး ကိုင်းတွင် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ စိုက်ပျိုးကြပါသည်။ လယ်သမားကြီး (၁) ဦး (၄၅) ဧကအထိ ပိုင်ဆိုင်ပြီး၊ ရိတ်စက် (၁) ခုပိုင်ဆိုင်ပါသည်။ အလယ်အလတ် လယ်သမားများသည် (၁၀-၁၅) ဧက ခန့် ပိုင်ဆိုင်ကြပြီး လယ်သမားငယ်များသည် (၁၀) ဧကအောက်ထိ ပိုင်ဆိုင်ကြပါသည်။ အများစုမှာ (၁) ဧကမှ (၄) ဧကမျှသာ ပိုင်ဆိုင် ကြပါသည်။

### (၂.၂.၁.၂ ) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | မရှိ | |
| ၂ | ရေလွှဲဆည် | | မရှိ | |
| ၃ | မြစ်ရေတင်စီမံကိန်း | | မရှိ | |
| ၄ | ဆည်မြောင်း | | မရှိ | |
| ၅ | ရေကာတာ | | မရှိ | |
| ၆ | လက်ငင် ရေတွင်း | | မရှိ | |
| ၇ | စိမ့်စမ်းရေ | | မရှိ | |
| ၈ | ချောင်း | | မရှိ | |
| ၉ | အင်း | ပုဂ္ဂလိက | ၁၀၀ | တစ်နှစ်ပတ်လုံး(အင်းနှင့်နီးသောလယ်မြေများသာ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် လယ်မြေများ ရေတင်စိုက်ပျိုးခြင်းကို ဒိုက်အင်းမှတဆင့် ရယူ စိုက်ပျိုးကြပါသည်။ လယ်သမားများသည် မိုးစပါးကို စောလျင်စွာ စိုက်ပျိုးနိုင်ရန်အတွက် မြေပြင် ထွန်ယက် ချိန်တွင် အဆိုပါ ဒိုက်အင်း နှင့် ၎င်းအတွင်းသို့ စီးဝင်သည့် ရိုးမှ ရေကို ရေစုပ်စက်များဖြင့် တင်ယူ၍ စိုက်ပျိုးသည်။ မိုးစပါး ရိတ်သိမ်းနောက်ကျသည့် လယ်များတွင် မတ်ပဲ၊ ပဲတီစိမ်း စသည့် သီးနှံများ ပြန်လည် စိုက်ပျိုးချိန်တွင် အစိုဓာတ်နည်းသွားခြင်းကြောင့် ပဲမျိုးစုံ အပင်ပေါက်ကောင်း ရန်အတွက် ရေတင်စိုက်ပျိုးကြသည်။ မိမိတို့ကျေးရွာရှိ သီးနှံများကို အမြင့်ဆုံးအထွက်နှုန်းများရရှိ ရန်နှင့် ဒုတိယတစ်သီးကို အမြတ်များများကျန်ရှိအောင် ချိန်ဆစိုက်ပျိုးခြင်းကို ပြုလုပ်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ဒိုက်အင်းရိုးနှင့် ဒိုက်အင်းမှရေများကို ကောင်းစွာအသုံးချသည့် အလေ့ အထများရှိနေပါသည်။ သို့သော်လည်း အင်းနှင့်နီးစပ်သောဧက (၁၀၀) ဝန်းကျင်ခန့်သာရေလုံ လောက်မှုရှိပါသည်။ နွေစပါးစိုက်ပျိုးနိုင်လောက်အောင် ရေလုံလောက်မှုမရှိခြင်း နှင့် ရေသွင်းမြောင်း များ မရှိခြင်းတို့ကြောင့် နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။

**(၂.၂.၁.၃ ) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျမ်းမျှ | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| စပါး (မိုး) | ၄၉၇ | တင်း | ၄၅ | ၅၅ | ၅၀ | ဇွန် | အလယ် အလတ် | နိမ့် | မြေဆီသြဇာသင့် |
| မတ်ပဲ | ၁၇၀ | တင်း | ၁၀ | ၂၀ | ၁၅ | နိုဝင်ဘာ | နိမ့် | မြင့် | မြေဆီသြဇာသင့် |
| ပဲတီစိမ်း | ၃၀ | တင်း | ၁၀ | ၂၀ | ၁၅ | နိုဝင်ဘာ | နိမ့် | မြင့် | မြေဆီသြဇာသင့် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် စပါးစိုက်ပျိုးခြင်းကို မေလတွင် မြေပြင်ထွန်ယက်မှု လုပ်ငန်းများ စတင်လုပ်ကိုင်ကြပါသည်။ မြေပြင်ထွန်ယက်သည့် အလုပ်များမှာ လယ်မြေများ၏ မြေအနိမ့်အမြင့်များ အပေါ်မူတည်၍ အချိန် ကွာခြားသွားသည်ကို တွေ့ရပါသည်။

အနိမ့်ပိုင်းလယ်မြေများတွင် မေလကတည်းက စတင်၍ မြေယာပြုပြင်သည့်လုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကျန်သောအနည်းငယ်မြင့်သွားသည့် မြေများနှင့် ကုန်းဆန်သောမြေများတွင် နယုန်လဆန်းအထိ လုပ်ကိုင်ကြသည်ကို တွေ့ရခြင်းအားဖြင့် စပါးတစ်မျိုးတည်းကိုပင် မြေပြင်ထွန်ယက်သည့်လုပ်ငန်းကို မြေအနိမ့်အမြင့် ပေါ်မူတည်၍ ချိန်ဆလုပ်ကိုင်ရပါသည်။ မိုးစပါးကို စိုက်ဧက (၅၀၀)အထိစိုက်ပျိုးကြပါသည်။ မြေအနိမ့်အမြင့်အရ အကြမ်းဖျဉ်းခွဲရမည်ဆိုလျှင် အနိမ့်ပိုင်း (၂၀၀) ဧက၊ အလယ်အလတ် (၁၀၀) ဧက နှင့် ကုန်းဆန် (၂၀၀) ဧကဟု ခွဲခြား နိုင်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

စပါးအပြီး ပဲတစ်သီး ထပ်မံစိုက်ပျိုးသည့် သီးလှည့်စနစ်ကို ကျင့်သုံးသည့် ကျေးရွာတစ်ခုဖြစ်သည့် အားလျော်စွာစပါးတွင် ကုန်ခမ်းသွားသော အာဟာရတစ်ချို့ကို ပြန်လည်ဖြည့်တင်း နိုင်သည် သာမက နွေရာသီတွင် ကျွဲ၊ နွားများအတွက် ရှားပါးနေသော အစာအတွက်လည်း ပဲရိတ်သိမ်းပြီးချိန် ပဲရိုးများကို အစာအဖြစ် ကျွေးနိုင်သည့်အတွက် လယ်ယာလုပ်ငန်းအတွက် အရေးပါသော တိရစ္ဆာန်များအတွက် အစာအာဟာရအတွက်ပါ အကျိုးဖြစ်ထွန်းသည့် စိုက်စနစ်ကို မိမိတို့ ကျေးရွာ၏ ရေမြေအခြေအနေပေါ်တွင် အကောင်းဆုံး အသုံးချနိုင်သည်ကိုလည်း တွေ့ရပါသည်။

မတ်ပဲ နှင့် ပဲတီစိမ်းကို အောက်တိုဘာလမှ စတင်၍ မြေပြင်ထွန်ယက်ကြပြီး နိုဝင်ဘာလတွင် မျိုးချ ကြဲပက် ကြပါသည်။ မျိုးနှုန်းမှာ တစ်ဧက (၁၃) ပြည်နှုန်းကြဲပက်ကြပါသည်။ မျိုးနှုန်းသင့်တင့်သည်ဟု ဆိုရပါမည်။ တောင်သူများသည် မတ်ပဲကို စက်တာဘာတတိယပတ်၌သာ မျိုးချနိုင်မည် ဆိုပါက အမြင့်ဆုံး တင်း (၂၀) အထိ ထွက်နိုင်ခဲ့သည့် အထွက်နှုန်း မှတ်တမ်းများရှိခဲ့သည့်အတွက်

၎င်းတို့ဒေသနှင့် စိုက်ပျိုးသောမျိုးအရ အမြင့်ဆုံး အထွက်တင်း (၂၀) ရရှိနိုင်သည်ဟု ယုံကြည်ထားသည့်အတွက် တတ်နိုင်သမျှ စပါးအား အမြန်ရိတ်သိမ်းချင်သည့်အပြင် ပဲကို ရာသီမီ အမြန်မျိုးကျအောင် ဆောင်ရွက်သည့် တောင်သူများ၏ သီးနှံစိုက်ပျိုးခြင်းအပေါ် အချိန်စီမံခန့်ခွဲမှုအား အကောင်းဆုံး ပြုလုပ်နိုင်သည့် ကျေးရွာဖြစ်ပါသည်။

စိုက်ပျိုးသည့် မတ်ပဲမျိုးများမှာ ဖားခေါင်း၊ ရွှေတောင်မော်၊ ဟော်လန်နှင့် မြွေဟောက်ရွက်ချွန်းမျိုးများဖြစ်ပါသည်။ ဖားခေါင်းနှင့် ရွှေတောင်မျိုးများမှာ (၃) လသက်တမ်းနှင့် ဟော်လန်နှင့် မြွေဟောက်ရွက်ချွန်း မျိုးများသည် (၂.၅) လ သက်တမ်းများ ဖြစ်ပါသည်။

နောက်မီးကျေးရွာတွင် မတ်ပဲ (၂၅၀) ဧကနှင့် ပဲတီစိမ်း (၁၅၀) ဧက ဝန်းကျင်ခန့် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးစရိတ်ကို ဖော်ပြရမည်ဆိုလျှင် မျိုးပဲတစ်တင်းနှုန်း (၃၀,၀၀၀) ကျပ်၊ ဓာတုဆေးများအတွက် (၅၀,၀၀၀) ကျပ် နှင့် ရိတ်သိမ်းခ (၃၀,၀၀၀) ကျပ် စသည်ဖြင့် စုစုပေါင်း ပျမ်းမျှကုန်ကျစရိတ် (၁၁၀,၀၀၀) ကျပ် ကုန်ကျပါသည်။ မတ်ပဲ၊ အထွက်မှာ တစ်ဧကလျှင်ပျမ်းမျှ (၁၅) တင်းခန့် ထွက်ရှိ၍ တစ်တင်းလျှင် (၂၇,၀၀၀) ကျပ်မှ (၃၂,၀၀၀) ကျပ်အထိ ဈေးရရှိခဲ့သဖြင့် ပျမ်းမျှဈေးနှုန်း (၃၀,၀၀၀) ကျပ်ဟု ယူဆမည်ဆိုလျှင် တစ်ဧကအထွက် (၁၀-၁၅) တင်းကြား ဆိုပါက (၃၀၀,၀၀၀-၄၅၀,၀၀၀) ကျပ် အကြား ဝင်ငွေရရှိပါသည်။ အကျိုးအမြတ်အား တွက်ချက် ကြည့်မည်ဆိုလျှင် (၂၀၀,၀၀၀-၂၅၀,၀၀၀) ကျပ်အထိထိထိမိမိ အကျိုးအမြတ်ရရှိသော သီးနှံ ဖြစ်ပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | မရှိ | |
| ရိတ်သိမ်းစက် | ၁ | မရှိ | ပုဂ္ဂလိကပိုင်ဆိုင်မှုသာရှိပါသည်။ |
| လက်တွန်းထွန်စက် | ၉ | မရှိ | ပုဂ္ဂလိကပိုင်ဆိုင်မှုသာရှိပါသည်။ |
| ခြွေလှေ့စက် | | မရှိ | |
| ရေစုပ်စက် | ၁၂ | မရှိ | ပုဂ္ဂလိကပိုင်ဆိုင်မှုသာရှိပါသည်။ |
| ခြေနင်းရေတင်စက် | | မရှိ | |
| မျိုးစေ့ချစက် | | မရှိ | |
| မြက်ရိတ်စက် | ၁၄ | မရှိ | ပုဂ္ဂလိကပိုင်ဆိုင်မှုသာရှိပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် စပါးရိတ်သိမ်းစက်၊လက်တွန်ထွန်စက်နှင့် ခြွေလှေ့စက်များကို တောင်သူကြီးများသာပိုင်ဆိုင်ကြပါသည်။ မြက်ရိတ်စက်ကိုမိုးစပါးအပြီးပဲမျိုးစုံ စိုက်ပျိုးနိုင်ရန်အတွက်ကောက်ရိုးများကိုဖြတ်ရန်အသုံးပြုကြပါသည်။ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ခြင်းလုပ်ငန်းကို တစ်ဧက (၁၅) တင်းနှုန်းဖြင့် အခကြေးငွေပေးရပါသည်။ ရေစုပ်စက်အား မိုးစပါးကိုရာသီမစောင့်ပဲကြိုတင် ထွန်ယက်စိုက်ပျိုးနိုင်ရန်နှင့် ဆောင်းပဲတွင်စိုက်ရေ၊ အောင်ရေသွင်းရန်

အသုံးပြုကြပါသည်။

လယ်ယာလုပ်ငန်းတွင် ကျွဲ၊ နွားသုံးစွဲနေဆဲဖြစ်ပြီး ဧကများသော တောင်သူကြီး၊ တောင်သူလတ်များသည် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ထို့အပြင် ရေစုပ်စက်နှင့် စပါး ခြွေလှေ့စက်များကို ပိုင်ဆိုင်ကြပါသည်။ ရေကျနောက်လိုက် နှင့် ဆောင်းစပါးစိုက်သော ကျေးရွာဖြစ်၍ စက်အင်အားဖြင့် အားကိုးစိုက်ပျိုးကြခြင်းဖြစ်ပါသည်။ စပါးအမြန် ရိတ်သိမ်းရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုလိုသော်လည်း လယ်မြေများတွင် ရိုးချောင်းများ များပြားမှုကြောင့် ဝင်ရောက်နိုင်ခြင်း မရှိသည့်အတွက် အခက်အခဲများ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | |
| ရေအရင်းအမြစ် | ရှိ | ဒိုက်အင်းမှ ရေကို တစ်နှစ်ပတ်လုံးရရှိနိုင်ပါသည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | မရှိ | သဘာဝမြေဆွေးပြုလုပ်သည့် နည်းပညာများ မသိရှိခြင်း၊ အသုံးချနိုင်ခြင်း မရှိသေးပါ။ |
| ဩဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | ရှိ | စပါးသီးနှံအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်မှ ထုတ်ချေးပေးပါသည်။ သမဝါယမအသင်းများ ထူထောင်၍ ငွေချေးနိုင်မည့် အခွင့်အလမ်းများ ရှိနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | မရှိ | စိုက်ပျိုးရေးသွင်းအားစုများအတွက် အင်္ဂပူမြို့ပေါ်မှသာ လက်ငင်း ဝယ်ယူကြရပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့်တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် မိမိတို့စိတ်ပါဝင်စားသူအစုများစုဖွဲ့ပြီး မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်၍ ချေးငွေရယူနိုင်မည့် နည်းလမ်းများ ရှိပါသည်။ လက်ရှိဖွဲ့စည်းထားသော သမဝါယမအသင်းတွင် လယ်သမားများပါဝင်မှု နည်းပါး၍ မြို့နယ်သမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လယ်သမားများ အားထားနိုင်သည့် သမဝါ ယမ အသင်းအဖွဲ့များ ထပ်မံဖွဲ့စည်းရန် လိုအပ်ပါသည်။

စပါးအပြီးပဲမျိုးစုံကို ထပ်မံစိုက်ပျိုးနိုင်ခြင်းကြောင့် မိမိတို့တွင်ရှိသော မြေယာများကို အကျိုး

ရှိစွာ အသုံးချနိုင်သည့် အခွင့်အလမ်းများရှိနေပါသည်။ မြေဆီသြဇာမှာလည်း သီးနှံအထွက်တိုး ရန်အတွက် မြေဆီလွှာများအတွင်းသို့ ဘာဝမြေသြဇာဖြည့်တင်းသည့် စနစ်ကို ပြုလုပ်လေ့ရှိသည့် အတွက် မြေဆီ သြဇာ သင့်တင့်ကောင်းမွန်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ထို့အပြင် စပါးကို အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မိုးရွာသွန်းမှုကို စောင့်ဆိုင်းမနေပဲ ကျေးရွာ၏ သဘာဝသယံဇာတ အရင်းအမြစ်တစ်ခုဖြစ်သည့် ဒိုက်အင်းနှင့် ဒိုက်အင်းအတွင်းသို့ စီးဝင်နေသော ဒိုက်အင်းရိုးမှ ရေကို တင်ယူစိုက်ပျိုးခြင်းနှင့် ဆောင်းပဲတွင် သီးနှံကြီးထွားမှု အဆင့်ဆင့်တိုင်းတွင် လိုအပ်သလို ရေများတင်ယူ စိုက်ပျိုးနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ယူပြီးနောက်ပိုင်း ၎င်းချေးငွေဖြင့်ပင် စပါးစိုက် ပျိုးရေးတွင် လိုအပ်သော သွင်းအားစုများအတွက် ရွှေနဂါးကုမ္ပဏီမှ ဝယ်ယူပါသည်။ ကုမ္ပဏီများ နှင့် တိုက်ရိုက် ဆက်သွယ်ဝယ်ယူနိုင်သည့် အခွင့်အလမ်းများရှိ၍ အဆိုပါ ကုမ္ပဏီများမှ စိုက်ပျိုးသီးနှံ များ အထွက်တိုး နည်းပညာများကိုလည်း ရရှိနိုင်ပါသည်။ ထို့အပြင် မတ်ပဲ၊ ပဲတီစိမ်းတွင် ကုမ္ပဏီနှင့် ချိတ်ဆက်ထားသော တောင်သူကိုယ်စားလှယ်များထံမှ လိုအပ်သော ပိုးသတ်ဆေးများနှင့် ရွက်ဖြန်း ဆေးများကို ကြိုတင်ယူထားနိုင်၍ ပဲထွက်ရှိ ပြီးမှသာ ပြန်လည်ပေးဆပ်သည့် အခွင့်အလမ်းမျိုး ရရှိပါသည်။ သို့သော်လည်း ကြိုတင်ယူထားသည့် ကာလအပေါ်မူတည်၍ အတိုးနှုန်းပါ ထပ်ပေါင်း သည့် ဈေးနှုန်းဖြင့် ဝယ်ယူရသည့် သဘောသာ ဖြစ်ပါသည်။ ၎င်းအပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ဆောင်းပဲအတွက် တစ်ဧကလျှင် (၂၀,၀၀၀) ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧက စာအတွက် (၂၀၀,၀၀၀) ကျပ်ကိုလည်း ထုတ်ချေးပေးနေ၍ တောင်သူလယ်သမားများ ချေးငွေ ဝန်ဆောင်မှု ကို ရရှိနေပါသည်။

## (၂.၂.၁.၆ ) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | ဆင်းရဲသားမိသားစုများအတွက်မြေယာတိုးချဲ့စိုက်ပျိုးရန် မြေနေရာများမရှိခြင်း။ |
| ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု | ရှိ | လုံလောက်သော ချေးငွေ ရရှိနိုင်သည့် နေရာ မရှိခြင်း။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | ရင်းနှီးစရာ အရင်းအနှီးမရှိခြင်း။ချေးငွေယူခြင်းဖြင့် သော်လည်းကောင်း၊တောင်သူကိုယ်စားလှယ်မှ အတိုးနှုန်းအတိုင်း တွက်ယူထားသော ဈေးနှုန်းများအရ ကြိုတင်ယူထားရခြင်း။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | တပြိုင်နက် ရွှေပြောင်းစိုက်ပျိုးသည့် အချိန်များတွင် ကြုံတွေ့ရခြင်း။ |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီ အသုံးပြု နိုင်မှု | ရှိ | တောင်သူငယ်များသည် စိုက်ပျိုးရေး သွင်းအားစုများကို များများပြားပြား အသုံးပြုနိုင်ခြင်း မရှိပါ။ |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဖျက်ပိုး နှင့် ရောဂါ | မရှိ | စပါးတွင်ဆစ်ပိုး ကျရောက်လေ့ရှိပြီး ပြင်းထန်မှု မရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ရှိ | ကျေးရွာစိုက်ပျိုးသူများသည် နည်းပညာပေးအဖွဲ့အစည်းများနှင့်ထိတွေ့မှု နည်းပါးခြင်း၊ သတင်းဆက်သွယ်ရေး နည်းပညာများ ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း၊ ရယူနိုင်ရန် လက်လှမ်းမမှီခြင်း။ |
| ဈေးကွက် လက်လှမ်းမီမှု | ရှိ | ဈေးနှုန်းမှန် ရောင်းချနိုင်ရန်အတွက် စုစည်းဆောင်ရွက်တတ်သည့် အလေ့အထမရှိခြင်း၊ ဈေးကွက်ချိတ်ဆက်မည့် နည်းလမ်းများ မသိရှိခြင်း။ |
| အစိုးရ မူဝါဒ နှင့် အစီအစဉ် | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မျိုးများရောနှောလာခြင်း အခက်အခဲများက စပါးအထွက်နှုန်းကို သိသိသာသာ ထိခိုက်စေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တောင်သူများအနည်းငယ်ပိုမို၍ တွက်ချေကိုက်လာနိုင်ရန် အလွယ်တကူ ပြောင်းလဲကျင့်သုံးနိုင်မည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ အထွက်နှုန်းကို ထိခိုက် စေသော ပိုးမွှားရောဂါ ဖျက်ဆီးခြင်းမှ ကာကွယ်နှိမ်နှင်းနည်းခြင်း၊ စပါးတွင် အကျိုးအမြတ် နည်းပါးသော်လည်း နောက်တစ်သီး ဖြစ်သည့် ပဲမျိုးစုံကို အချိန်မှီ ပြန်လည်စိုက်ပျိုးနိုင်ရန် ပုဂ္ဂလိက ရိတ်သိမ်းခြွေလှေ့စက်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်း၊ စသည်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ (သို့မဟုတ်) လယ်သမား ဦးဆောင်အဖွဲ့များမှ အဖြေရှာ ဆောင်ရွက်သင့်သည်ကို ဆွေးနွေး တင်ပြချက်များအရ သိရှိရပါသည်။

ထို့အပြင် တောင်သူလယ်သမားများသည် စပါးစိုက်ရာသီတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေကို စိုက်ပျိုးချိန် အချိန်မီ မရရှိခြင်းကြောင့် ပြင်ပ ငွေတိုးချေးသူများထံတွင် အတိုး (၅) ကျပ်မှ (၁၀) ကျပ်အထိ ပေး၍ ချေးယူကြရပါသည်။ စိုက်ပျိုးစရိတ်မှာလည်း တစ်ဧကစိုက်ပျိုး စရိတ်သာလုံးလောက်မှုရှိပြီး အခြားလိုအပ်သော သွင်းအားစု (ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရိတ်သိမ်းခ)များအတွက် အခက်အခဲများ ရှိလာပြီး ယင်းကဲ့သို့ ငွေချေးသူများထံတွင် ချေးယူကြ ရခြင်း ဖြစ်ပါသည်။ ချေးငွေကြိုတင်ထုတ်ပေးသော ကုန်သည်များမှလည်း နောက်မီးကျေးရွာတွင် ဈေးအမြင့်ဆုံး ရနိုင် သော ဘေးကြား၊ ဂျပန်ရွှေဝါမျိုးများ စိုက်ပျိုးထားသော တောင်သူများကိုသာ ထုတ်ပေးသည့် အချက်များ သတ်မှတ်ထားပါသည်။ ကုန်သည်မှ ကြိုတင်ထုတ်ပေးထားသည့် စပါးဈေးနှုန်းမှာ (၂၀၀,၀၀၀) ကျပ်ဖြစ်ရာ တောင်သူများသည် စပါးပေါ်လာချိန်တွင် အဆိုပါ ဈေးနှုန်းအတိုင်း ပြန်လည် ပေးသွင်းရခြင်းကြောင့် များစွာ နစ်နာရပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေး နှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၀၉ | ၃၃၉ ကောင် |
| မြင်း | | |
| ကျွဲ | | |
| မြည်း | ၁ | ၂ ကောင် |
| လား | | |
| ဆိတ် | ၃ | ၉ ကောင် |
| သိုး | | |
| ဝက် | ၁၂၄ | ၂၀၁ ကောင် |
| ကြက် | ၂၀၄ | ၉၃၀ ကောင် |
| ဘဲ | ၃၂ | ၁၄၈ ကောင် |
| အခြား | | |
| **ရေလုပ်ငန်း** | | |
| ငါးကန် | မရှိ | |
| ပုဇွန်ကန် | မရှိ | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၁၆ | ကျေးရွာအုပ်စု နယ်မြေပိုင်အတွင်း နောက်မီးအင်းရှိပြီး၊ အလျား (၄) မိုင်၊ အနံ (၂) ဖာလုံခန့်ရှိသည်။ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | မရှိ | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မွေးမြူရေးလုပ်ငန်း**

နောက်မီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး တိရစ္ဆာန် ရောဂါကျရောက်မှုနှင့် ပက်သက်သော ဗဟုသုတနှင့် နည်းပညာမသိခြင်းကြောင့် ဆုံးရှုံးပျက်စီး မှုများပါသည်။ ယခုနှစ် ရေကြီးနစ်မြုပ်သောကြောင့် တိရစ္ဆာန်ကျန်းမာရေး ထိခိုက်မှုများရှိပါသည်။ တပိုင်တနိုင် မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ မြင်း၊ ဆိတ်၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထားသော မိသားစု (၅၇) ဦးရှိပါသည်။

**ငါးလုပ်ငန်း**

နောက်မီးကျေးရွာတွင် နောက်မီးအင်းရှိပြီး၊ အလျား (၄) မိုင်၊ အနံ (၂) ဖာလုံကျယ်ဝန်းပါ သည်။ ပုဇွန်၊ ငါးဘတ်၊ ငါးတန်၊ ငါးရံ့၊ ငါးနုသန်း၊ ငါးသိုင်းခေါင်းပွ၊ ငါးဖားမ၊ ငါးခုံးမ၊ ငါးပြေမ စ သောငါးသားပုဇွန်မျိုးများ နေထိုင်ကျက်စားပါသည်။ ကျေးရွာတွင် ရေလုပ်သား(၁၆) ဦးရှိပြီး

အသေးစားငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇)လဖြစ်ပါသည်။ရေလုပ်သား (၁၆) ဦးတွင် လှေငယ်တစ်စင်းစီနှင့် ငါးဖမ်းပိုက်အချို့ ပိုင်ဆိုင်ကြပါသည်။ လှေငယ်များမှာ သစ်အမျိုးအစားမကောင်းသောကြောင့် နှစ်စဉ် မွမ်းမံပြင်ဆင်စရိတ်ရှိပါသည်။ လှေ (၁) စင်း၏ တန်ဖိုးမှာ အသေး (၁၅၀,၀၀၀) ကျပ်၊ အကြီး (၂၀၀,၀၀၀) ကျပ်ဖြစ်ပါသည်။ ငါးဖမ်းပိုက်မပိုင်သော ရေလုပ်သားများမှာလည်း အတိုးကြီးပေး၍ ဝယ်ယူရသောကြောင့်နစ်နာလှပါသည်။ ငါးဖမ်းပိုက်များမှာ (၅၀,၀၀၀) ကျပ်မှ (၁၅၀,၀၀၀) ကျပ် အထိ အစားစားရှိပါသည်။ ပုဇွန်မြုံး (၁) လုံး (၃၀၀၀) ကျပ်ရှိပြီး၊ အနည်းဆုံး (၃၀) လုံးအတွက် (၉၀,၀၀၀) ကျပ်လိုအပ်ပါသည်။ လုပ်ဖက်ကိရိယာများအတွက် အတိုးကြီးပေး၍ ဝယ်ယူသုံးစွဲနေရပါသည်။ လှေနှင့် ငါးဖမ်းပိုက်ကိုယ်ပိုင်ပြည့်စုံအောင် ဝယ်ယူလိုပါသည်။ အတိုးနှုန်းသက်သာပြီး ကာလကြာချေးငွေရရှိပါက ရေလုပ်သားများဘဝ အဆင်ပြေနိုင်ပါသည်။ ရေလုပ်သားတစ်ဦးလျှင် လုပ်ဖက်ကိရိယာများအတွက် စုစုပေါင်း (၃၀၀,၀၀၀) ကျပ် လိုအပ်ပါသည်။ငါးမဖမ်းရသောရာသီတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ ကျပန်းနေ့စားခ တစ်နေ့ (၃,၀၀၀) ကျပ် ဖြစ်သည်။

## (၂.၂.၂.၂ ) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | ဘဲစားကျက်ကျယ်ပြန့်စွာရှိခြင်း |
| ရေရရှိမှု | ရေနက်ကွင်းများဖြစ်၍ ရေအလွယ်တကူရရှိနိုင်ခြင်း |
| တိရစ္ဆာန်မျိုး | မျိုးကောင်းမျိုးသန့် လက်လှမ်းမီသည်။ (ဝက်) |
| ချေးငွေ | အင်္ဂပူမြို့နှင့်နီးသောကြောင့် ကာလရှည်ချေးငွေ ရရှိနိုင်ရန်အတွက် အဆက်အသွယ် လက်လှမ်းမီနိုင်သည်။ |
| သွင်းအားစုဈေးကွက် | အင်္ဂပူမြို့နှင့်နီးသောကြောင့် မွေးမြူရေးသွင်းစုအတွက် လွယ်ကူစွာ လက်လှမ်းမီနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | မွေး/ကုဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် နည်းပညာများ အတွက် လွယ်ကူစွာ လက်လှမ်းမီနိုင်သည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထူးကြီး၊ မြန်အောင်တို့မှ ဝက်ပေါက်များကို လက်ကားလာဝယ်ကြသည်။ ဝက်၊ ကြက်၊ ဘဲများကို အင်္ဂပူ၊ကွင်းကောက်၊ ဟင်္သာတ စသောဒေသများမှ ကျေးရွာ အရောက် ကားကြီးကားငယ်အသွယ်သွယ်ဖြင့် လက်ကားလာရောက် ဝယ်ယူကြပါသည်။ ငါးသားပုဇွန်များကို ဟင်္သာတမှ လက်ကားလာရောက် ဝယ်ယူကြပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းများ အတော်အသင့် ကျယ်ဝန်းသဖြင့် တပိုင်တနိုင်မှ စီးပွားဖြစ် မွေးမြူရေးအတွက် အဆင်ပြေပါသည်။ |
| အခြား(၁) | |
| အခြား(၂) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### (၂.၂.၂.၃ ) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေလက်လှမ်းမီမှု | သင့်တင့်သောအတိုးနှုန်းဖြင့် ထုတ်ချေးသော ကာလရှည်ချေးငွေ စနစ်မရှိခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်၊ ဘဲ၊ ဝက်တွင်အဖြစ်များပါသည်။တိရစ္ဆာန်ကျန်းမာရေး အသိပညာနည်းပါးခြင်း နှင့်ကာကွယ်ဆေးအချိန်မှီစွာ မထိုးနှံခြင်းကြောင့် ဖြစ်ပါသည်။ |
| သွင်းအားစုဈေးကွက် | ဟသ်ာတနှင့် နီးသော်လည်း မဆက်သွယ်ဖူးကြပါ။ အတွေ့အကြုံမရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မွေး/ကုဦးစီးဌာနတွင် ဝန်ထမ်းအင်အားနည်းပါးသောကြောင့် လုံလောက်သော စောင့်ရှောက်မှု မပေးနိုင်ခြင်း။ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ဝက်ပေါက်ဈေးအနိမ့်ခံရပါသည်။ ဝက်ပေါက်တစ်ကောင် ရွာတွင်း လက်လီ (၄၀,၀၀၀) ကျပ်ရရှိနိုင်ပြီး၊ သားပေါက်အများအပြားပေါက်ပါက ထူးကြီး၊ မြန်အောင်တို့မှ လက်ကား လာရောက် ဝယ်ယူရာတွင် (၂၅,၀၀၀) ကျပ်သာ ရရှိပါသည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ | မွေးမြူရေး နှင့် ကုသရေးဆိုင်ရာ ဗဟုသုတ အလွန်နည်းပါးပြီး မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ ပညာပေးအစီအစဉ်များ ရယူရန် လိုအပ်ပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင် လက်လှမ်းမီမှု | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမီမှု | မရှိပါ။ |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | လက်လှမ်းမီသော်လည်း အင်းအခွန်ဈေး မြင့်နေပါသည်။ ဒိုင်းကွင်းချပိုက်အတွက် အင်းခွန် (၄၅,၀၀၀) ကျပ်၊ အခြားပိုက် အမျိုးအစားများအတွက် (၃၅,၀၀၀) ကျပ်ဖြစ်သည်။ |
| အရင်းအနှီးလက်လှမ်းမီမှု | ငါးဖမ်းရန် လုပ်ဖက်ကိရိယာများ လုံလောက်မှု မရှိပါ။ လှေ၊ ပိုက်များဝယ်ယူရန်ငွေတိုးကြီးပေးဝယ်ယူရပါသည်။ ငွေ (၁၀၀) ကျပ်လျှင် အတိုး (၁၀% မှ ၁၅ %) ထိပေးရသည်။ |
| အခြား | မရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင် တိရစ္ဆာန်မွေးမြူရေး အကျိုးတော်ဆောင် ရှိသော်လည်း အရေးပေါ် အခြေအနေများတွင် လုံလောက်မှုမရှိပါ။ကျေးရွာမှ နည်းပညာဝန်ဆောင်မှု နှင့် သင်တန်းများ တက်ရောက်ချင်ပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးနှင့် ဝင်ငွေတိုးနိုင်ပါသည်။

စီးပွားဖြစ် အသားတိုးဝက် မွေးမြူရန်အတွက် စိတ်ဝင်စားသော မိသားစု (၄) ဦး ရှိပါသည်။ တပိုင်တနိုင်မွေးမြူလိုသူ (၅၇) ဦးခန့်ရှိပါသည်။ နည်းပညာအဆင့်မြှင့်ရန် လိုအပ်ပါသည်။ အရင်းအနှီးလည်းလိုအပ်နေပါသည်။ ဝက်ကိုအဓိကထား မွေးမြူသဖြင့် အနည်းဆုံး(၁၀) လခန့်မွေးမြူမှသာ ရောင်းချပြီး ငွေပေါ်နိုင်ပါသည်။ သို့ပါ၍ သမဝါယမကဲ့သို့သော အဖွဲ့များမှ ကာလရှည် ချေးငွေရရှိနိုင်ပါက အဆင်ပြေနိုင်ပါသည်။ ရေလုပ်သား(၁၆) ဦးအတွက် အသေးစားငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ပြီး ဈေးကွက်ကျယ်ပြန့်ပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇)လ တိုင်တိုင် ရေသယံဇာတငါးများဖမ်းယူရရှိနိုင်ပါသည်။ ရေလုပ်သားတစ်ဦးလျှင်လုပ်ဖက်ကိရိယာ အတွက် စုစုပေါင်း (၃၀၀,၀၀၀) ကျပ် လိုအပ်ပါသည်။ ကာလရှည်ချေးငွေ ရရှိနိုင် ပါ က ရေလုပ်ငန်းဖြင့်အသက်မွေးသော မိသားစုများအတွက် စားဝတ်နေရေး အဆင်ပြေနိုင် ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၃၁ | ၃၆ | | နိမ့် - လတ် (ပန်းပဲ - ၁၂၊ သင်ဖျာ ယက်လုပ်သူ - ၁၉၊) |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၅ | | | နိမ့် (လက်သမား - ၅) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | | | နိမ့် (ဆိုင်ကယ်ပြင် - ၁) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၅ | | | နိမ့် - လတ် (ဆံသဆိုင် - ၂၊ စက်ချုပ် - ၃) |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၄၁ | | | နိမ့် - လတ် (ကုန်စုံဆိုင်ကြီး - ၈၊ အိမ်ဆိုင်ငယ် - ၆၊ ခေါင်းရွက်ဗျက်ထိုး - ၁၀၊ စပါးအရောင်းအဝယ် - ၁၀၊ ပဲပွဲရုံ - ၂၊ ဓါး၊ |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | | | ဖျာအရောင်းအဝယ် - ၅) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း | ၃ | | | လတ် (လက်ဖက်ရည်ဆိုင် - ၃) |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်း လုံခြုံရေး) | | ၁ | | လတ် (ရွှေနေ - ၁) |
| ၁၃ | ပညာရေး | | ၃ | | လတ် (ကျောင်းဆရာမ - ၃) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၁၄၂ | | နိမ့် (ကောက်ရိတ်၊ ကောက်စိုက်၊ ပျိုး နှုတ်၊ ပဲနုတ်၊ ပဲဆွတ်၊ ငါးပိလုပ်ရောင်း သူ၊ ရွှေ့ပြောင်းသွား ရောက်လုပ်ကိုင်သူ အိမ်ထောင်စု - ၉၂၊ ရန်ကုန်၊မြိတ်၊ ထိုင်း၊ မလေးတွင် သွားရောက်လုပ်ကိုင်သူများ (စာရေး၊ စက်ရုံများ၊ ခြံလုပ်ငန်း) - ၅၀) |
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၈၆** | **၁၈၂** | **၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ စီးပွားရေးလုပ်ငန်းအနေဖြင့် အစိုးရဝန်ထမ်း၊ ဆံညှပ်၊ စက်ချုပ်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ ခေါင်းရွက်ဗျက်ထိုး၊ အရောင်းအဝယ်၊

စက်ပြင်၊ ပန်းဘဲ၊ သင်ဖြူးဖျာ ယက်ခြင်း၊ ကောက်စိုက်၊ ကောက်ရိတ်၊ ပျိုးနုတ်၊ ပဲနုတ်၊ ပဲဆွတ်၊ မြက်ရိတ်၊ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ခြင်းစသည့် လုပ်ငန်းများကို အဓိကလုပ်ကိုင်စားသောက်ကြသည်။ မိုးစပါးတစ်မျိုးသာ စိုက်ပျိုးသဖြင့် ဝါဆိုလ တစ်လသာ ကောက်စိုက်ကြရသည်။ ကောက် စိုက်ခမှာ လုပ်ငန်းချိန်တွင် ပျမ်းမျှအားဖြင့် တစ်နေ့လျှင် (၂,၀၀၀-၂,၅၀၀) ကျပ်ရရှိကြသည်။ ပျိုးနုတ်သည့်အချိန်မှာ ဝါဆိုလတွင်ဖြစ်၍ တစ်လခန့်သာ ပျိုးနုတ်ကြ ရသည်။ အမျိုးသားအများစု လုပ်ကိုင်ကြပြီး တစ်နေ့လျှင်ပျမ်းမျှ (၂,၀၀၀-၂,၅၀၀) ကျပ် ရရှိကြသည်။ ကောက်ရိတ်ချိန်မှာ တန်ဆောင်မုန်း၊ နတ်တော်လများတွင်ဖြစ်၍ လုပ်ငန်းရာသီချိန်တွင် လယ် (၁) ဧကလျှင် (၂၅,၀၀၀) ကျပ် ရရှိကြသည်။ လုပ်အားကြွေးယူဖြင့် ယူကြရသောကြောင့် တစ်ဧကလျှင် (၁၅,၀၀၀) ကျပ် ခန့်သာ ရရှိကြသည်။ သို့ရာတွင် ယခုနှစ်တွင် ရေကြီးမှုကြောင့် လယ်ကွင်းများ နစ်မြုပ်ပျက်စီးပြီး ကောက် ရိတ်သည့် အလုပ်မရှိနိုင်သဖြင့် လုပ်အားကြွေးယူ၍မရချ။ လက်လုပ်လက်စား မိသားစုများအနေဖြင့် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကိုင်းများတွင် နွားစာအတွက် မြက်ရိတ်ချိန် မှာ ဝါခေါင်၊ တော်သလင်းလများတွင် ဖြစ်၍ တစ်နေ့ဝင်ငွေမှာ (၆၀၀-၉၀၀) ကျပ် ရရှိကြသည်။ ပဲအမျိုးမျိုး (မတ်ပဲ၊ ဘိုကိတ်၊ စသည်) တို့ကို တော်သလင်း၊ သီတင်းကျွတ်လများတွင် စိုက်ပျိုး ကြပြီး စိုက်ပျိုးစရိတ်အနေဖြင့် တစ်နေ့လျှင် (၁,၅၀၀) ကျပ် ရရှိကြသည်။ ပဲဆွတ်သည့်အချိန်မှာ နတ်တော်၊ ပြာသိုဖြစ်ပြီး ဧရိယာအလိုက် ပုတ်ပြတ်ဖြင့် လုပ်ကိုင် ကြခြင်းဖြစ်သည်။ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ဝင်ငွေ (၁,၅၀၀-၂,၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ ပဲငပိ လုပ်ကိုင် ရောင်းချသူ များလည်း ရှိပါသည်။ ငါးပိပြုလုပ်၍ ရောင်းချသူများမှာ ဆည်များမှ ငါးပိအချိန် (၂၄) ပိဿာအား (၂၅,၀၀၀) ကျပ် ဖြင့် ဝယ်ယူကြရသည်။ ငါးပိ (၁၂) ပိဿာရရှိပြီး တစ်ပိဿာလျှင် (၃,၀၀၀) ကျပ် ဖြင့် ရောင်းချကြရာ (၁၁,၀၀၀) ကျပ်ခန့် အမြတ်အစွန်း ရရှိကြသည်။ အသက် (၁၄-၂၀) ဝန်းကျင်ရှိ လူငယ်လူရွယ်များသည် အခြား ဒေသများတွင် သွားရောက် လုပ်ကိုင်ကြသည်။ အထူးသဖြင့် ရန်ကုန်မြို့သို့ သွားရောက်ကြပြီး အထည်ချုပ် စက်ရုံ၊ စတိုးဆိုင်၊ ဆံပင်ညှပ်ဆိုင်နှင့် အရောင်းစာရေး စသည်ဖြင့် လုပ်ကိုင်ကြသည်။ လုပ်အားခရရှိငွေဖြင့် တစ်လလျှင် ပျမ်းမျှအားဖြင့် အများဆုံး (၅၀,၀၀၀ - ၁၀၀,၀၀၀) ကျပ် ပြန်လည် ပေးပို့နိုင်ကြသည်။

နောက်မီး ကျေးရွာတွင် ပန်းဘဲဖို (၁၂) ဖို ရှိပြီး အင်္ဂပူမြို့နှင့် အနီးအနားတဝိုက် မြို့ကြီးသို့ တင်ပို့ ရောင်းချကြပါသည်။ နောက်မီးကျေးရွာမှ ထွက်ရှိသော ဓားများမှာ အရည်အသွေးကောင်းမွန်ခြင်း ကြောင့် နာမည်ကောင်းရရှိ ပါသည်။ ပန်းပဲဖိုများတွင် ပန်းပဲဖို တစ်ဖိုအတွက် လုပ်သားလိုအပ်ချက် (၄) ဦးမှ (၅) ဦး လိုအပ်ပါသည်။ ပန်းဘဲဖို တစ်ဖိုစီတွင် ဖိုကိုင်ကျွမ်းကျင်သူ တစ်ဦးစီရှိကြပြီး တစ်နေ့လျှင် (၃,၀၀၀) ကျပ် ရရှိကြသည်။ ဖိုထုသူများမှာ တစ်နေ့လျှင် ပျမ်းမျှ (၂,၀၀၀) ကျပ် ရရှိကြသည်။ လုပ်သားတစ်ဦးလျှင် တစ်နေ့လျှင် ပျမ်းမျှ အားဖြင့် ဓား (၇) ချောင်း ပြီးစီးရန် တာဝန်ယူရပါသည်။ နောက်မီးကျေးရွာမှ ဓားနည်းတူ သင်ဖျာယက်လုပ်ခြင်းမှာလည်း နာမည်ကြီး ဒေသထွက်ကုန်ပင် ဖြစ်သည်။ ဖျာယက်လုပ်သည့်ဒိုင် (၁၂) ဒိုင် ခန့်ရှိ၍ ယက်လုပ်သူလုပ်သား အိမ်ထောင်စုမှာ (၃၀၀) ခန့် ဖြစ်သည်။ လူတစ်ဦး တစ်နေ့လျှင် တစ်ယောက်အိပ်ဖျာ

(တစ်လွှာ) ယက်လုပ်နိုင်ကြပြီး ပျမ်းမျှအားဖြင့် (၅၀၀၀) ကျပ်ခန့် ဝင်ငွေရရှိကြသည်။ တစ်နှစ်ပတ်လုံး လုပ်ကိုင် နိုင်သော လုပ်ငန်းဖြစ်သည်။ စက်ချုပ်ဆိုင်မှာလည်း (၃) ဆိုင်ခန့် ရှိ၍ ကျေးရွာတွင်းရှိ အမျိုးသမီးငယ်များမှာ ချုပ်ထည်များ ဝတ်ဆင်မှုများသဖြင့် ဝင်ငွေကောင်းမွန်ပါသည်။ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်သူများမှာ အင်္ဂပူဈေးမှဟင်းသီးဟင်းရွက်၊ ငှက်ပျော အစရှိသည်တို့ကိုယူ၍ စက်ဘီး ဖြင့် သယ်ယူ၍ ကျေးရွာတွင်းနှင့် ရွာနီးချုပ်စပ်များသို့ သွားရောက်ရောင်းချကြသည်။ အရောင်း အဝယ် လုပ်ငန်းလုပ်ကိုင်သူများမှာ စပါးရောင်း/ဝယ်ခြင်း၊ ပဲရောင်း/ဝယ်ခြင်း၊ ဓါးရောင်း/ဝယ်ခြင်း၊ ဖျာရောင်း/ဝယ်ခြင်း တို့ကိုပြုလုပ်ကြ၍ ဝင်ငွေကောင်းမွန်ကြပါသည်။

## (၂.၂.၃.၂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| တစ်နှစ်ပတ်လုံးလုပ်ကိုင်နိုင်သည့်အလုပ်အကိုင် အခွင့်အလမ်းများရှိခြင်း | ဈေးငွေရရှိနိုင်မည့်အရင်းအမြစ်များနှင့်ချိတ်ဆက်မှု အားနည်းခြင်း |
| အင်္ဂပူမြို့နှင့်(၆)မိုင်ခန့်သာကွာဝေးခြင်း | အသက်မွေးဝမ်းကျောင်း နည်းပညာများမရှိခြင်း |
| ဒေသထွက်ကုန်များမှာအရည်အသွေးကောင်းမွန် ၍ ဈေးကွက်တွင်နာမည်ရခြင်း | စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင်မူတည်၍လုပ်ကိုင်ရ သောနေ့စားလုပ်ကိုင်သူများမှာသဘာဝဘေးအန္တရာယ် ကြောင့်စားဝတ်နေရေးခက်ခဲခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျပန်းလုပ်သားများမှာ များသောအားဖြင့် ဖျာယက်လုပ်ခြင်း၊ ဓားလုပ်ခြင်း၊ ကောက်စိုက်၊ ပျိုးနှုတ်၊ ကောက်ရိတ်တို့ကို အဓိကလုပ်ကိုင်ကြသည်။ ပန်းပဲ၊ ဖျာလုပ်ငန်းများမှာ တစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်သဖြင့် ဝင်ငွေရရှိရန် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။ သို့ရာတွင်အရင်းအနှီး မရှိခြင်း၊ အတိုးနှုန်းသက်သာသော ဈေးငွေမရရှိခြင်းတို့ကြောင့် ဒိုင်များမှာ ငွေကြိုယူရခြင်း၊ ခေါက်ပြန်ပေးဖြင့်ယူ၍ လုပ်ကိုင်ရခြင်းကြောင့် အမြတ်ရရှိမှု နည်းပါးပါသည်။ (ဥပမာ-ဖျာတစ်ချပ် လျှင် ဒေသပေါက်ဈေး (၇,၀၀၀) ကျပ် ရရှိပါက ငွေကြိုယူ၍ လုပ်ကိုင်ရသဖြင့် ဖျာတစ်ချပ်လျှင် (၆,၀၀၀) ကျပ်သာ ရရှိကြပါသည်။ ဓားအရောင်းအဝယ် လုပ်ကိုင်သူများမှာလည်း ခေါက်ပြန်ပေး ယူရသဖြင့် အမြတ်ငွေရရှိမှု နည်းပါးကြပြီး အချိန်ယူ၍ ရောင်း/ဝယ်ခြင်း မပြုနိုင်ကြချေ။ (ဥပမာ- လက်ငင်းပေး ဝယ်ပါက ဓား (၁၀၀) လျှင် (၂၅၀,၀၀၀) ကျပ်၊ ခေါက်ပြန်ပေးဝယ်ရပါက ဓား (၁၀၀) လျှင် (၃၀၀,၀၀၀) ကျပ်)။ စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် မူတည်၍ နေ့စားလုပ်ကိုင်ရသူများ (ကောက်စိုက်၊ ပျိုးနှုတ်၊ ကောက်ရိတ်၊ ပဲရိတ်၊ ပဲဆွတ်) မှာ သဘာဝဘေးအန္တရာယ်ကြောင့် လယ်ယာမြေများ နစ်မြုပ်ပျက်စီး ချိန်တွင် အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်အားကြွေးယူ၍မရရှိခြင်း တို့ကိုကြုံတွေ့ရပြီး စားဝတ်နေရေး အခက်အခဲများကို ရင်ဆိုင်ကြရပါသည်။ အတိုးဖြင့် ငွေချေးရာ တွင် (၈-၁၀ ရာခိုင်နှုန်း/ လတိုး) အထိ အတိုးပေးကြရပြီး လိုအပ်သောငွေ ပမာဏ ရရှိနိုင်ခြင်းမရှိပါ။

စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် ဝင်ငွေရရှိရန် ကိုယ်ပိုင် အရင်းအနှီးဖြင့် သင်ဖျာယက်လုပ်နိုင်ခြင်း၊ စားအရောင်းအဝယ် ပြုလုပ် နိုင်ခြင်း၊ တနိုင်တပိုင် စားသုံးကုန်များ ထုတ်လုပ်နိုင်ခြင်း (ငါးပိ၊ ပဲငါးပိ၊ ပုဇွန်ခြောက်) တို့ကို လုပ်ကိုင်နိုင် ပါသည်။ ကျေးရွာရှိလူငယ်၊ လူရွယ်များမှာ ရန်ကုန်၊ မြိတ်ရှိ အထည်ချုပ် စက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ရော်ဘာခြံများတွင် သွားရောက် လုပ်ကိုင်ကြရသည်။ အထက်တန်း အောင်မြင်သူများမှာ စာရေးကဲ့သို့သော ရာထူးများ ရရှိသော်လည်း ပညာအရည်အချင်း အားနည်းသူများမှာ အလုပ်ကြမ်းများသာ လုပ်ကိုင်ကြရသည်။ အဘယ်ကြောင့်ဆိုသော် အသက်မွေးဝမ်းကျောင်းပညာများ တက်ရောက်မှုမရှိခြင်းကြောင့်ဖြစ်သည်။ ခြုံငုံ၍ဆိုရပါလျှင် နောက်မီးကျေးရွာ၏ အခြား ဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဝင်ငွေအခွင့်အလမ်းကောင်းမွန်လာရန် အတိုးနှုန်း သက်သာသော ချေးငွေ ထုတ်ချေးပေးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## (၂.၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | အင်္ဂပူဈေး(၉.၆၅ကီလိုမီတာ)၊ ၆မိုင် | ဟသ်ာတ ( ၅၃.၁၀ကီလိုမီတာ)၊ ၃၃မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏အထောက်အပံ့များ | စက်ဘီး၊ဆိုင်ကယ်၊ကား | ဆိုင်ကယ်၊ကား |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်မှုပေးနိုင်မှု | အားလုံးရနိုင် (ဈေးသင့်) | အားလုံးရနိုင် (ဈေးနှုန်းချိုသာ၊ ရွေးချယ်စရာများ) |
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | ဈေးရုံ(ဆောင်)၊ ဆိုင်ခန်း ( ၉၉ခန်း)၊ ကောင်းမွန် | မိုင်နာဈေး (ကောင်းမွန်)၊ ဘူတာဈေး၊ ဌေးဝင်းဈေး၊ ဘုရားဈေး၊ တိုက်ကျောင်းဈေး၊ ညောင်ပင်ဈေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာမှ အင်္ဂပူမြို့၊ ဟသ်ာတမြို့သို့ ကုန်းလမ်း၊ ရေလမ်း၊ လမ်း (၂) သွယ်ဖြင့် သွားလာ နိုင်ကြသဖြင့် ကောင်းမွန်စွာ ကုန်စည် စီးဆင်းနိုင်ပါသည်။

နောက်မီးကျေးရွာမှ ဒေသထွက်ကုန်များ (အထူးသဖြင့် စပါးနှင့် ပဲမျိုးစုံ (မတ်ပဲ၊ ဘိုကိတ်၊ ပြောင်း) အစရှိသည်တို့ကို တောင်သူငယ်များမှာ ကျေးရွာတွင်ပင် ရောင်းချကြသည်။ အင်္ဂပူ၊ ညောင်ကျိုးမှ ကုန်သည်များ လာရောက်ဝယ်ယူကြသည်။ တောင်သူကြီးများမှာ ဟသ်ာတသို့ တင်ပို့ရောင်းချ ကြသည်။ အင်္ဂပူမြို့သို့ သွားရောက်လျှင် ဆိုင်ကယ်ဖြင့် သွားပါက အသွား၊အပြန်ခရီးစရိတ် (၄,၀၀၀) ကျပ် ကုန်ကျသည်။ မိုးတွင်း အချိန်တွင် စက်လှေဖြင့် သွားလာကြပြီး စက်လှေခအသွား၊ အပြန် ခရီးစရိတ် (၁,၅၀၀) ကျပ် ကုန်ကျသည်။ ဟသ်ာတသို့ စက်လှေဖြင့်သွားပါက အသွား၊ အပြန်

ခရီးစရိတ် (၃,၀၀၀) ကျပ် ကုန်ကျ၍ လိုင်းကားဖြင့် သွားပါက (၂,၀၀၀) ကျပ် သာကုန်ကျမှု ရှိပါသည်။ ကျေးရွာဈေးနှုန်း၊ အင်ပူမြို့ဈေး၊ ဟသ်ာတဈေးနှုန်း အနည်း ငယ်ကွာဟမှုရှိပါသည်။ ဉပမာ- မတ်ပဲ (၂၀ ပိဿာ၊ ၁-တင်း) လျှင် ကျေးရွာတွင်းဈေးမှာ (၂၅,၀၀၀) ကျပ် ဈေးနှုန်း ပေါက်လျှင်၊ အင်ပူမြို့တွင် (၂၆,၀၀၀) ကျပ် ဈေးနှုန်း၊ ဟသ်ာတတွင် (၂၈,၀၀၀) ကျပ် ဈေးနှုန်း ရရှိကြပါသည်။ တောင်သူကြီးများမှာ ဟသ်ာတသို့ တင်ပို့ရောင်းချသဖြင့် ဈေးကောင်းရရှိကြ သော်လည်း တောင်သူငယ်များမှာမူ စုပေါင်း၍ မြို့သို့ သွားရောက်ရောင်းချသည့် အလေ့အကျင့် မရှိခြင်းကြောင့် ဒေသပေါက်ဈေးပင် ရရှိကြသည်။ အလေးချိန်မှာမူ ကွာဟမှုမရှိချေ။ ကုန်ပစ္စည်းများ ရောင်းဝယ်ရာတွင် တင်းတောင်း၊ ကတ္တား နှစ်မျိုးလုံး အသုံးပြုကြသည်။ သို့ရာတွင် ကျေးရွာလူထုမှ စုပေါင်း၍ မယ်ဇလီကုန်းဈေး (သို့) ဟသ်ာတဈေးတွင် သွားရောက် ရောင်းချပါက အကျိုးအမြတ် ပိုမိုရရှိနိုင်ပါသည်။ သို့ရာတွင် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုမရှိသဖြင့် ကားငှားစရိတ်မှာ ဈေးနှုန်းမြင့်မားခြင်းကြောင့် ကျေးရွာမှာပင် ရောင်းချ ကြခြင်းဖြစ်သည်။

အဝတ်အထည်၊ အစားအသောက် နှင့် ကုန်စုံပစ္စည်းများအား လက်လီဝယ်ယူရန် အင်ပူဈေးသို့ သွားရောက် ကြပြီး၊ လျှပ်စစ်ပစ္စည်း၊ ကုန်မာ နှင့် အခြားသော လူ့အသုံးအဆောင် ပစ္စည်းများကို ဝယ်ယူရန် ဟသ်ာတဈေးသို့သာ သွားရောက်ကြသူများသည်။ ဒေသထွက်များဖြစ် သော နောက်မီး ဓား၊ သင်ဖျူးဖျာတို့ကို ကျေးရွာဒိုင်များတွင်သာ ရောင်းချကြပြီး၊ ထိုဒိုင်များမှာ ပုသိမ်၊ ပြည်၊ ဟသ်ာတ၊ အင်ပူသို့ တင်ပို့ ရောင်းချကြသည်။

ဒေသထွက် ငါး၊ ပုဇွန်များများကို အင်ပူမြို့၊ ညောင်ကျိုးကျေးရွာရှိ ဒိုင်များသို့ တင်ပို့ရောင်း ချကြ သဖြင့် ဈေးကောင်းရရှိကြသည်။ မွေးမြူရေး တိရစ္ဆာန်များကို အင်ပူ၊ ထန်းပင်ကုန်းမှ လေလံ ရရှိ ထားသူများသည် ကျေးရွာတွင်းပင် လာရောက်ဝယ်ကြသဖြင့် ဒေသတွင်းပင် ချောမွေ့စွာ ရောင်းချနိုင်သည်။ အချုပ်အားဖြင့်ဆိုရသော် ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်၍ရေလမ်း၊ ကုန်းလမ်း အသုံးပြုနိုင်ခြင်း၊ ဈေးကွက်ကို လက်လှမ်းမီခြင်းတို့ကြောင့် ပြဿနာမရှိချေ။ ပိုမိုကောင်းမွန်သော ကုန်စည်စီးဆင်းမှုနှင့် ဈေးကောင်းရရှိရန်အတွက်မူ အစုအဖွဲ့ နှင့် ရောင်းဝယ်ခြင်း၊ မြို့ကြီးများမှ ဈေးကွက်များနှင့် ချိတ်ဆက်လာနိုင်ရန် တို့လိုအပ်ပါသည်။

## (၂.၄ ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | ချေးငွေ | (၇) လ | ၀.၄၂ ကျပ် (လတိုး) | ချလံစာရွက် | သတ်မှတ်ထား သောစည်းမျဉ်း စည်းကမ်းအ တိုင်း |
| အစိုးရဘဏ်( | စုငွေ၊ ချေးငွေ | (၆) လ | ၁.၁၅၀ရာ | အိမ်ထောင်စာ | သတ်မှတ်ထား |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| သမဝါ ယမ) | | | ခိုင်နှုန်း (လတိုး) | ရင်း(မိတ္တူ)၊ မှတ်ပုံတင် (မိတ္တူ) | သောစည်းမျဉ်း စည်းကမ်းအတိုင်း |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | ချေးငွေ၊ စုငွေ | (၂)ပတ်တစ် ကြိမ်ပြန်ဆပ်ရန် (၁ နှစ်လျှင် အကြေဆဆပ်) | ၂.၅ကျပ်တိုး (လတိုး) | ၅ ဦးတစ်ဖွဲ့ ဖွဲ့ စည်းခြင်း | သတ်မှတ်ထား သောစည်းမျဉ်း စည်းကမ်းအ တိုင်း |
| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ်ချက်မ ရှိ(နှစ်ဦး သ ဘောတူညီသည့် အတိုင်း) | (၈-၁၀) ရာခိုင်နှုန်း/ လတိုး၊ရွှေ အပေါင် (၅) ရာခိုင်နှုန်း/ လတိုး | မလိုအပ်ပါ | ယုံကြည် သူမှ သာချေး |
| အပေါင်ဆိုင် မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် လယ်သမားများအတွက် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ် (လယ်သမ)ဟူ၍ နှစ်မျိုးရှိပါသည်။ မွေးမြူရေးနှင့် လက်လုပ်လက်စားများအတွက် သမဝါယမဘဏ်မှ ငွေထုတ်ချေးမည့် အစီအစဉ်ရှိပါသည်။

## မြန်မာလယ်ယာဖွံ့ပျိုးရေးဘဏ်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀)ကျပ် နှုန်းထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ(၁,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ(၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်သည်။ လယ်သမားများအနေဖြင့်တစ်ဧကလျှင် (၁၀၀,၀၀၀)ကျပ်နှုန်းဖြင့်လုံလောက်ခြင်းမရှိချေ။ တစ်ဧကကုန်ကျစရိတ်မှာ (၂၀၀,၀၀၀)ကျပ်ခန့်ကုန်ကျသည်။ ထို့အပြင်စိုက်ပျိုးရေးချေးငွေကိုပြန်လည် ပေးဆပ်ရန်အချိန်ကျလာပါကစိတ်ကြိုက်ဈေးနှုန်းမရရှိဘဲရောင်းချရခြင်း၊ အခြားမှငွေတိုးဖြင့်ယူ၍ ရောင်းချရခြင်းစသည့်အခက်အခဲများရှိနေပါသည်။ လယ်သမားများအနေဖြင့်လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။

**သမဝါယမဘဏ်**

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်များလည်းရှိပါသည်။ ထိုအဖွဲ့၏ပုံစံမှာ အဖွဲ့ဝင်ဖြစ်မှသာထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀)ကျပ်စုရသည်။စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းသာ ငွေထုတ်ချေးခွင့် ရရှိကြပါသေးသည်။ ငွေပမာဏမှာတစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။ အတိုးနှုန်းမှာ ယခင်က (၁.၅၀) ကျပ်နှုန်းဖြစ်ပြီး ယခုအခါတွင် (၁.၁၅) ကျပ် နှုန်းအဖြစ် အတိုးနှုန်း လျော့ချထားပြီး ဖြစ်ပါသည်။ ချေးငွေကာလမှာ (၆) လ ဖြစ်ပါသည်။ မွေးမြူရေးနှင့် လက်လုပ်လက်စားများအတွက် ငွေထုတ်ချေးရန်အစီအစဉ်ရှိပြီး စုငွေ (၅,၀၀၀) ကျပ် ပေးသွင်းပြီး ဖြစ်ပါသည်။

**Pact Myanmar**

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ(၂)နှစ်ခန့်ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအားချေးသည့် ရိုးရိုးချေးငွေဟူ၍နှစ်မျိုးရှိသည်။စိုက်ပျိုးရေးချေးငွေမှာပထမနှစ်တွင် (၂၀၀,၀၀၀)ကျပ် ဖြစ်ပြီး၊ ရိုးရိုးချေးငွေမှာ(၈၀,၀၀၀)ကျပ်ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ (၇)လိုအပ်သည်။ ချေးငွေသက်တမ်းကြာလာသည်နှင့်အမျှ ငွေပမာဏတိုးမြှင့်၍ချေးယူနိုင်ပါသည်။ ကျပန်းလုပ်ကိုင်သူမိသားစုများအနေဖြင့်လည်း ပုံမှန်ဝင်ငွေရရှိသည့် အလုပ်အကိုင် များပြားခြင်းကြောင့် ပြန်လည်ပေးဆပ်ရန် အဆင်ပြေချောမွေ့ပါသည်။ သို့ရာတွင် လယ်ယာမြေများရေမြုပ်ပျက်စီးခြင်းနှင့် ရေကြီးခြင်းကြောင့် ယခုအခါတွင် နှစ်ပတ်တစ်ကြိမ် ပြန်လည် ပေးဆပ်ရန် အခက်အခဲ ရှိနေပါသည်။ အကယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပုံမှန်ဝင်ငွေရရှိသည့်လုပ်ငန်း အစရှိသည့် လုပ်ငန်းအပေါ်တွင် မူတည်၍ ပြန်လည်ပေးဆပ်ရန် အချိန်ကာလ သက်မှတ်ပေးလျှင် ပြန်လည် ပေးဆပ်ရန် ပိုမိုအဆင်ပြေနိုင် မည်ဖြစ်သည်။

## (၂.၅) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### (၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာဇကြွယ်ဝမှု | နိမ့် | မြေဆီလွှာဇကြွယ်ဝမှု ကောင်းနေဆဲဖြစ်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | ယခင်အတိုင်းပင် ရှိနေဆဲဖြစ်ပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | နိမ့် | (၄-၅)နှစ် တစ်ကြိမ်ခန့်သာလျှင် ဆိုးဝါးစွာ ကျရောက်မှုရှိတတ်သည်။ များသောအားဖြင့် ထိန်းချုပ်၍ရသည်။ |

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ရေအရင်းအမြစ် | နိမ့် | ပေါများပါသည်။ |
| ငါးမျိုးကွဲများ | နိမ့် | ယခင်ထက်စာလျှင် နည်းပါးသွားပြီဖြစ်ပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | ကျွဲ၊ နွားတိရစ္ဆာန်များ ပေါများစွာ မွေးမြူကြပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | အိမ်သုံး အမှိုက်များကို မီးရှို့ခြင်းဖြင့် သော်လည်းကောင်း၊ သစ်ပင်ရင်းပုံခြင်းဖြင့် သော်လည်းကောင်း စသည့် အလေ့အထများ ရှိပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာရှိ စိုက်ပျိုးမြေများ နှစ်စဉ်ရေကြီးနစ်မြုပ်သောကြောင့် မြေဆီသြဇာ ကြွယ်ဝမှုကောင်းမွန်လျက်ရှိပါသည်။ နွား၊ ဝက်များ မွေးမြူမှုများပြားပြီး၊ တိရစ္ဆာန်မှ ရရှိသော သဘာဝမြေဆွေးများ၊ မြေသြဇာများကို စိုက်ခင်းများသို့ ပြန်လည်ဖြည့်တင်းခြင်း အလေ့အထများ လည်းရှိသည်။ မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်နည်းပါးပါသည်။ ငါးမျိုးစုံ ရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါးလာပါသည်။ လူနေထူထပ်လာမှု ကြောင့် သဘာဝသယံဇာတဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှု များပြားလာခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် အလေ့အထနည်းပါးခြင်းတို့ကြောင့် ငါးသယံ ဇာတလျော့ပါးလာခြင်းနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့ရပါသည်။

### (၂.၅.၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | လတ် | သာမန်ရာသီတွင် လယ်မြေများကို ရေလွှမ်းမိုး သော်လည်းအိမ်ခြေများကို ထိခိုက်နိုင်မှုမရှိသေးပါ | ကြိုတင်ပြင်ဆင်ခြင်း၊ ဆော်သြခြင်း စသည့် အလေ့အကျင့် များ ရှိသည်။ |
| မီးဘေး | နည်း | ကြုံတွေ့ဖူးခြင်းမရှိကြပါ။ | ရွာသူရွာသားများဝိုင်းဝန်းကာကွယ်ကြ ပါသည်။ |
| မုန်တိုင်း | နည်း | ကြုံတွေ့ဖူးခြင်းမရှိကြပါ။ | ကြိုတင်ပြင်ဆင်ခြင်း၊ ဆော်သြခြင်း စသည့် အလေ့အကျင့် များ ရှိသည်။ |
| ငလျင် | နည်း | ငလျင်ကြောမရှိပါ။ | |

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| မိုးခေါင်ခြင်း | နည်း | မိုးများသောဒေသ ဖြစ်သည်။ | |
| အအေးလှိုင်း | နည်း | | |
| ပဋိပက္ခ | နည်း | | |
| တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု | နည်း | | |
| လူရောဂါဖြစ်ပွါးမှု | နည်း | | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## (၂.၆) ပညာရေး

### (၂.၆.၁) ပညာရေးနှင့်စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေးနှင့် စာတတ်မြောက်မှု

| အတန်းပညာတက်ရောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၂၄ | ၁၅ | ၃၉ | ၃.၃၂ % |
| ဘာသာရေးအခြေပြုပညာရေး | ၇၆ | ၈၇ | ၁၆၃ | ၁၃.၉၁ % |
| မူလတန်းပညာရေး ပြီးဆုံးသူများ | ၁၁၇ | ၉၂ | ၂၀၉ | ၁၇.၈၃ % |
| အလယ်တန်းပညာရေး ပြီးဆုံးသူများ | ၅၇ | ၄၉ | ၁၀၆ | ၉.၀၄ % |
| အထက်တန်းပညာရေး ပြီးဆုံးသူများ | ၃၀ | ၃၆ | ၆၆ | ၅.၆၃ % |
| တက္ကသိုလ်ပညာ ပြီးဆုံးသူများ | ၁၉ | ၂၄ | ၄၃ | ၃.၆၇ % |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၅၆၁** | **၆၁၁** | **၁၁၇၂** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် မူလတန်းပညာရေး ပြီးဆုံးသူများမှာ ကျောင်းနေအရွယ် လူဦးရေ အားလုံး၏ (၁၇.၈၃ %) ရှိပါသည်။ သို့သော်လည်း အလယ်တန်းအဆင့် ပညာရေး ပြီးဆုံးသူများမှာ မူလတန်းအဆင့် ပြီးဆုံးသူ၏ သုံးပုံတစ်ပုံခန့်သာ ရှိပြီး၊ အထက်တန်းအဆင့် ပြီးဆုံးသူမှာ မူလတန်း အဆင့်၏ နှစ်ပုံတစ်ပုံခန့် ရှိကြောင်း တွေ့ရှိရပါသည်။ နှိုင်းယှဉ်ချက်များအရ ဘွဲ့ရသူဦးရေမှာ ကျေးရွာမှ ကျောင်းနေအရွယ်လူဦးရေ အားလုံး၏ (၃.၆၇%)သာ ရှိကြောင်း တွေ့ရှိရပါသည်။ အဓိက ဖြစ်နိုင်သော အကြောင်းရင်းမှာ ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာရှိနေပြီး တွဲဖက် အလယ် တန်းကျောင်းအဆင့်သို့ (၁၉၉၃) ခုနှစ်တွင် တိုးမြှင့်ရရှိခြင်းနှင့် အလယ်တန်းကျောင်း (ခွဲ)အဆင့်သို့ (၂၀၀၇) ခုနှစ်မှသာ ရရှိခြင်းများကြောင့် ဖြစ်နိုင်ပေမည်။ ထို့ကြောင့်လည်း ပြီးခဲ့သော ဆယ်စုနှစ် အတွင်းမှသာ ဘွဲ့ရကျောင်းသား/သူများ အရေအတွက် တိုးတက်များပြားလာခဲ့ခြင်း ဖြစ်သည်။

### (၂.၆.၂) ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉နှစ်) | ၆၄ | ၆၈ | ၁၃၂ | ၁၃၂/၁၀၇ = ၁၂၃.၃၆ % |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃၅ | ၃၂ | ၆၇ | ၆၇/၁၁၉ = ၅၆.၃၀% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၉ | ၇ | ၁၆ | |
| တက္ကသိုလ် ကျောင်းသား၊သူ | ၈ | ၉ | ၁၇ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာ၏ ရပ်ကွက်ခွဲ အရှေ့ဘက်ကမ်းတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် မြစ်ထိပ်ရပ်ကွက်တွင် အလယ်တန်းကျောင်း (ခွဲ) တစ်ကျောင်းရှိပြီး နောက်မီးအုပ်စုမှ ကျေးရွာများ အပြင်ပတ်ဝန်းကျင်(၆)ရွာမှ ကျောင်းသူ/ကျောင်းသားများပါ လာရောက်ပညာသင်ကြားကြ ပါသည်။ ကျောင်းသားအများစုမှာခြေလျင်လာသူများ နှင့် စက်ဘီးဖြင့် လာကြပါသည်။

### (၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

| အကြောင်းအရာ | အလယ်တန်းကျောင်း (ခွဲ) | | | အထက်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | ကျေးရွာတွင်း | | | သက်ကယ်ပြင် - ၂ မိုင် (၃.၂ ကီလိုမီတာ) | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆေ ာင်မှု | ရွာမှနေ၍ လမ်းလျှောက် ကျောင်းတက်ရ | | | ရွာမှနေ၍ ခြေကျင် / စက်ဘီးဖြင့် ကျောင်းတက်ရ၊ မိုးတွင်းဘက် လှေဖြင့်သွားတက်ရ | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၁။ ၁၈၀—x၃၀— x ၁၅— - ၂၀၀၇ | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | ၁။ သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်း (မျက်နှာကြက် တပ်ဆင်ရန် လိုနေပါသည်)။ | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုမရှိ ကျောင်းဗီဒို (၃) လုံး၊ ပို့က်ဘုတ် (၉) ချပ်၊ စာရေးခုံ၊ ထိုင်ခုံ (၂၅) စုံခန့် လိုအပ်နေပါသေးသည်။ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၉ | ၁၁ | | | |
| ကျေးရွာခန့် | - | - | - | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂၀၀၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော ၁၈၀—x ၃၀—x၁၅—တစ်ထပ်ကျောင်းဆောင်၏ အုတ်ပတ်ကား သွပ်မိုးဖြစ်ပြီး အခန်းများ ကန့်ထားခြင်းမျိုး မဟုတ်ပဲ ယာယီအကန့်များဖြင့်သာ

ကန့်ထားပါသည်။ မျက်နှာကြက်မရှိသေးပဲ တပ်ဆင်ရန် လိုအပ်နေပါသေးသည်။ နောက်ထပ် ဖ၀—x ၃၀—x၁၅—တစ်ထပ် ကျောင်းဆောင် တစ်ဆောင် ထပ်မံ ရရှိရန် မြို့နယ်အခြေခံပညာဦးစီးဌာနသို့ တင်ပြထားရှိပါသည်။

## (၂.၆.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၁၁ ဦး |
| တပည့် - ဆရာ အချိုး | မူ - ၂၀ ၊ လယ် - ၂၅ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၁၀- ၁၅ % |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | ပိုလီယိုဖြစ်နေသော ကျောင်းသားတစ်ဦး နှင့် ကျောင်းသူ တစ်ဦး ရှိပြီး အထူးအစီအစဉ် လုပ်ပေးရန် မလိုအပ်ပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | မူလတန်း အဆင့် ကျောင်းသူ/ကျောင်းသားများ အတွက် ဗလာ စာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေး ဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသားများဝယ်သုံးရပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မူလတန်းအဆင့် အခမဲ့ ပညာသင်ကြားရေးစနစ်ကို အကောင် အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများမှ မူလတန်း အထိ အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်အတွက်မူကား ကျောင်းသား မိဘများ၏ စီးပွားရေး ပြေလည်မှု၊ ကျောင်းသားများ၏စာလို လားမှုအပေါ်မူတည်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်း ထားကြရန် တတ်အားသမျှ တိုက်တွန်းနေရပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းအကျိုးတော်ဆောင် ကော်မတီ (၂၀) ဦးမှ အားတက် သရော လုပ်ဆောင်ကြပါသည်။ ကျောင်းသားမိဘများမှ ကျောင်း သားများအား ကျောင်းတက်အောင် တိုက်တွန်းအားပေးစေလို ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းသူ၊ ကျောင်းသားများ အတွက် သောက်သုံးရေကို (၂) လက်မရေတုံကင်မှ ရယူ သုံးစွဲပါသည်။ တပ်ဆင်ထားသော ရေစုပ်စက်ကို ကျောင်းပိုင်နှင့် အရပ်ပိုင် ကွဲပြားအောင်လုပ်လိုပါသည်။

အုပ်စုငယ်ဆွေးနွေးချက်များအရ နောက်မီးအလယ်တန်းကျောင်း(ခွဲ)မှ ပြီးမြောက်၍ သက်ကယ်ပြင် အထက်တန်းကျောင်း (ခွဲ) တွင် သွားရောက်ပညာသင်ကြားသူများမှာ ထူးချွန်ကြပြီး ဆယ်တန်းတွင် (၅) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသားတစ်ဦးရှိခဲ့ပါသည်။ ကျောင်းသားမိဘများမှာ အလယ်တန်းကျောင်း ဆရာ/ဆရာမများ၏ ပညာသင်ကြားမှုပုံစံကို ကြိုက်နှစ်သက်ကြောင်းလည်း ထုတ်ဖော်ပြောကြားကြပါသည်။ ထို့အပြင် ကျောင်းသားဦးရေများပြား

တိုးတက်လာစေရန်မှာ ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေနှင့် စီးပွားရေးတိုးတက်လာမှု အပေါ်တွင် မူတည်ကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

## (၂.၇) ကျန်းမာရေးနှင့်အာဟာရ

### (၂.၇.၁) အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. သွေးလွန်တုပ်ကွေး | ၂. ဝမ်းပျက်ဝမ်းလျှော | ၃. | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### (၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | ကျေးရွာ အတွင်း | မရှိ | သားဖွား ဆရာမ - ၁<br>အရန်သားဖွား - ၂ | မရှိ | အစိုးရ အသိ အမှတ်ပြု |
| ဆေးရုံ (အင်္ဂပူ) | ၉.၆ ကီလို (၆ မိုင်) | ရှိ | ဆရာဝန် - ၂<br>ထမိန်စိမ်း - ၁<br>ထမိန်ပြာ -၄<br>ထမိန်နီ - ၆<br>အခြား - ၁၀ | ရှိ | |
| ဆေးဆိုင် | ကျေးရွာ အတွင်း၊ အင်္ဂပူမြို့ ပေါ် | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမီမှု ဆေးဝါး....<br>သိုလှောင်ပုံစနစ်<br>အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ညောင်ကျိုးတိုက်နယ် လက်အောက်ခံဖြစ်သည့် ကျေးရွာအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမ (၁)ဦးနှင့် အရန်သားဖွား (၂) ဦးမှ တစ်လတစ်ကြိမ် ကာကွယ်ဆေးထိုးနှံရေးကိစ္စရပ်များအတွက် လုပ်ဆောင်ပေးပြီး ပတ်ဝန်းကျင် ကျေးရွာများမှ လာရောက်ပြသကြပါသည်။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအတွက်လည်း ကောင်းစွာ စောင့်ရှောက်နိုင်ပြီး

အရပ်လက်သည်များ ရှိခြင်းကြောင့်လည်း ကလေးမွေးဖွားခြင်း ကိစ္စရပ်များအတွက် စိတ်ချရပါသည်။ သို့သော်လည်း မီးဖွားဆောင် သီးသန့် ဆောက်လုပ်ပေးနိုင်လျှင် ကျေးရွာရှိ မွေးလူနာများနှင့် မွေးကင်းစကလေးများအတွက် ပိုမိုစိတ်ချရမည့် အနေအထားရှိလာပါမည်။ ကျန်းမာရေးအတွက် ကုန်ကျစရိတ် မတတ်နိုင်သော မိသားစုများအတွက် ကျန်းမာရေးရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ထောက်ပံ့ပေးရန် လိုအပ်နေပါသည်။

ကျေးရွာအတွက် ကျန်းမာရေး ကဏ္ဍတိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကိုလည်းအခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေး အသိပညာများ တိုးတက်လာမည်ဟု သုံးသပ် ဆွေးနွေးကြပါသည်။

### (၂.၇.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု နွေ | မိုး | ဆောင်း | အခြား |
|---|---|---|---|---|---|---|
| ရေတွင်း | ၆ | ၄ - ကောင်း | မရှိ | ရှိ | ရှိ | |
| တုံကင် | ၁၀၇ | ၁ - ကောင်း | မရှိ | ရှိ | ရှိ | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် သောက်ရေအတွက် အုတ်ရေတွင်း (၆) တွင်းရှိပြီး နွေကာလ (၃) လတွင်ခမ်းခြောက်ပါသည်။ မြေချောင်းနှင့် ငဝန်မြစ်မှ ရေများကို သုံးရေအဖြစ် သုံးစွဲကြရပါသည်။ ထို့ကြောင့်ကျေးရွာအတွက် သောက်ရေနှင့် သုံးရေလုံလောက်မှုရှိစေရန်(၄)လက်မ စက်ရေတွင်း တစ်တွင်း နှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။

### (၂.၇.၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၆၈ | ယင်လုံအိမ်သာ အဆင့်မှီ (ပလပ်စတစ်ခွက်သုံး) |
| ကျင်းအိမ်သာ | ၁၄၇ | ယင်လုံအိမ်သာဆောက်လုပ်ရန်ခက်ခဲခြင်း။ |
| ပက်လက် အိမ်သာ | | |
| တောထိုင် | ၃၂ | အနီးအနား အိမ်သာတွင် တက်ရောက်ခြင်း နှင့် တောထိုင်ခြင်းဖြင့် ဖြေရှင်းပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်း ယင်လုံအိမ်သာမသုံးစွဲသော အိမ်ထောင်စုမှာ (၁၄၇) ခန့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြပါသည်။ အိမ်သာဆောက်လုပ်ရန် အခက်အခဲများမှာရေကြီးနှစ်မြုပ်မှုနှင့် ငွေကြေးမတတ်နိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာအတွင်း အိမ်တိုင်းစေ့ အိမ်သာ ဆောက်လုပ်သုံးစွဲကြရန် အသိပညာပေး လုပ်ငန်းများနှင့် အိမ်သာမဆောက် လုပ်နိုင်ကြသော အိမ်ထောင်စုများအတွက် ရေကြီးမှုဒဏ်နှင့် ဆီလျော်သော အိမ်သာများ တည်ဆောက်ကြရန်၊ အဆင်မပြေသော အိမ်ထောင်စုများအတွက် အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် စသည်ဖြင့် ဆွေးနွေး တိုင်ပင်ကြပါသည်။

## (၂.၈) လမ်းတံတား အခြေအနေ

### (၂.၈.၁) ကျေးရွာ၏ လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| ရွာတွင်းလမ်း | ၁ | သင့် | | | သုံး | ၃ လမ်း ပေါင်း (၃.၂) ကီလို |
| ချဉ်းကပ်လမ်း | ၃ | ဆိုး | | | သုံး | (၁.၆) ကီလို |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄ - ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးပေးခဲ့သည့် (၁၄) မိုင်ရှည်သော အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်တွင် တည်ရှိပါသည်။ ထိုလမ်းမှာ ၂၀၁၅ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုကြောင့် အချို့နေရာများတွင် လမ်းပြတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ ကျေးရွာတွင်းရှိ လမ်းသွယ် (၃) လမ်းမှာ မြေသားလမ်းများ ဖြစ်ကြပြီး၊ ပျက်စီးနေပါသည်။ ကျေးရွာချဉ်းကပ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် လည်းကောင်း၊ ကျေးရွာအတွင်းရှိ လမ်းသွယ်(၃) လမ်းအား (၄) ပေ အကျယ် ကျောက်ချောလမ်း ပြုလုပ်လိုကြပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း /ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | မရှိ | | | | |
| တံတား | ၁။ ကျောက်တံတား<br>၃၀—x ၄— x ၁၅— | သင့် | ၁၉၇၀ | | သုံး |
| | ၂။ ချောင်းကူးတံတား<br>၂၁၀—x ၄— x ၁၅— | ညံ့ | နှစ်စဉ်ပြင်ဆင်ပြီးသုံး | သုံး | |

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း /ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ကြိုးတံတား | မရှိ | | | | |
| ရေပြွန် | မရှိ | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင်းလမ်း (၃) လမ်းရှိသည့်အနက် အတွင်းလမ်းတွင် ကျောက်တံတား (၃၀-x ၄-x ၁၅-)ရှိ၍၊ ထိုတံတားမှာ သက်တမ်းကြာမြင့်နေပြီ ဖြစ်သောကြောင့် ပျက်စီးလုနီးပါး ဖြစ်နေပါသည်။

အရှေဘက်ကမ်း (နောက်လမ်း) နှင့်အရှေဘက်ကမ်း (ရှေ့လမ်း) တို့ကြားတွင် ချောင်းကူး တံတား (၂၁၀-x ၄-x -၁၅) ရှိပါသည်။ ထိုတံတားမှာ ယခုအခါ ရေအောက်တွင် (၈) ပေခန့် နစ်မြုပ် နေပါသည်။ ကျေးရွာမှ နှစ်စဉ်တည်ဆောက် အသုံးပြုနေရသော တံတားဖြစ်ပါသည်။

ကျေးရွာမှ ၁။ ကျောက်တံတား (၃၀—x ၄— x ၁၅—) အားကွန်ကရစ်တံတားအဖြစ်လည်း ကောင်း၊၂။ ချောင်းကူး တံတား (၂၁၀—x ၄— x ၁၅—) အား ကြိုးတံတားအဖြစ်လည်းကောင်း ပြုပြင်တည် ဆောက်လိုကြပါသည်။

## (၂.၈.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | မရှိ | | | |
| ပင်လယ်ရေကြောင်း | မရှိ | | | |

၁ " လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## (၂.၈.၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | တော ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၆ | ၁၂၀ | ၂၃၅ | ၉၄ | ၄ | ၁ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်မီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ အဓိကအသုံးပြု ရပြီး၊ရေလမ်းလည်းအသုံးပြုနိုင်ပါသည်။ အသုံးပြုသောယာဉ်များမှာစက်လှေ(၆)စီး၊ လှေ/ သမ္ဗာန် (၁၂၀)စီး၊ စက်ဘီး(၂၃၅) စီး၊ မော်တော်ဆိုင်ကယ်(၉၄)စီး၊ ထော်လာဂျီ (၄)စီးနှင့်တောကား(၁) စီးရှိပါသည်။

## (၂.၉) လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေး စနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | - | | |
| ဆိုလာစနစ် | ၄၉ | သင့် | မိုးရာသီတွင်နေရောင်ခြည် ရရှိမှုနည်းသဖြင့် အခက်အခဲရှိ |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၄၆ | သင့် | ကျေးရွာမှ စုပေါင်း၍ ဒီဇယ်သုံး အင်ဂျင် ထူထောင်၍ မီးပေး |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ (အခြား-ဖယောင်းတိုင်) | ၂၆၀ | သင့် | ကုန်ကျစရိတ်များ၊ မီးဘေးအန္တရာယ်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာမှစုပေါင်း၍ ဒီဇယ်သုံးအင်ဂျင်ကိုအိမ်ခြေ (၂၄) အိမ်မှ တစ်အိမ်ထောင်လျှင် (၅၀,၀၀၀)ကျပ် ထည့်ဝင်၍ လျှပ်စစ်မီးပေးပါသည်။ အိမ် (၁၃၆) ခန့်ကို လျှပ်စစ်မီးပေးပါသည်။ အစုဝင်(၂၄) အိမ်အတွက် တစ်လလျှင် (၃,၅၀၀) ကျပ်ပေးရပြီး၊ ကျန်အစုဝင် မဟုတ်သော (၁၉) အိမ်မှာတစ်လလျှင်(၆,၀၀၀)ကျပ်ပေးရပါသည်။ ကျန်အိမ်များမှာ ဘက်ထရီမီးများကို သာသုံးနေပါသည်။ ညောင်ကျိုးတိုက်နယ်ကျေးရွာသို့ သွယ်တန်းသော လျှပ်စစ်မီးလိုင်းမှာ ကျေးရွာအနီးမှ ဖြတ်သန်းသွားသောကြောင့် ထိုလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန် စိတ်အားထက်သန်လျှက်ရှိပါသည်။

## (၂.၁၀) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၁၈၅ | ၁၇၇ | ၁၁၀ | | | ၅၂ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် Telenor, Ooredoo, MPT ဖုန်းလိုင်းများအားလုံး ဆက်သွယ်နိုင်ပါသည်။ MPT ဖုန်းလိုင်းသည်မှာ ပို၍ ဆက်သွယ်အားကောင်း ပါသည်။ Internet အသုံးပြုသူ လူငယ်များလည်း ရှိပါသည်။

## (၂.၁၁) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာ၏ လူမှုရေးပရဟိတ လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲတော်များ၊ သာသနာရေး လုပ်ငန်းများတွင် ပါဝင်ပါသည်။ |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ | ကျေးရွာ အားကစားကွင်းမရှိပါ၊ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမီမှု | ရှိ | အင်တာနက်သုံးစွဲသူ လူငယ်များ အနည်းငယ် ရှိ၊ စာကြည့်တိုက်မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ Internet အသုံးပြုသူ လူငယ်များ လည်းရှိပါသည်။ ကျေးရွာ၌ စာကြည့်တိုက်မရှိပါ ။ စာကြည့်တိုက်ထူထောင်ရန် အဆိုပြုကြပါသည်။

## (၂.၁၂) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### (၂.၁၂.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး များအား လက်လှမ်းမီမှု | မရှိ | MPT ဖုန်းလိုင်းသာ အသုံးများ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မရှိ | သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံ

ပေးခြင်းမရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ TV တို့မှ သိရှိရပါသည်။ အင်္ဂပူမြို့တွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ပါသည်။

### (၂.၁၂.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂-မရှိ | ၂ | ၂ | ၂-မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

အိမ်နီးနားချင်း တစ်ခါတစ်ရံ အချင်းများမှုလေးများသာရှိ၍ ကြီးကြီးမားမားပြဿနာ မရှိပါ။ မှုခင်းဖြစ်ပွားမှုမှာလည်း သာမန်အဆင့်သာ ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၂)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်း အမြစ်**<br>• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။<br>• လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။ | • နောက်မီးကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်း မှာ ကျား(၄၁၉) ဦးနှင့်မ (၄၇၁) ဦး၊ စုစုပေါင်း (၈၉၀)ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၄.၀၇) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၁၆) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၇) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၄၃) ဦး စသည်ဖြင့်တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက်လူ့စွမ်းအားအရင်းအမြစ်များရှိနေပါသည်။<br>• ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာ ပင် ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>• စပါးနှင့်ပဲ သီးလှည့်စိုက် ပျိုးနိုင်ခြင်း။ | • နောက်မီးကျေးရွာတွင် စပါး၊ မတ်ပဲနှင့် ပဲတီစိမ်းကို အဓိက အားထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေ၊ရာသီဥတု အရ သင့်တော်ဖြစ်ထွန်းသည့်အတွက် စပါးနှင့် ပဲသီးလှည့်စိုက်ပျိုးနိုင်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေးထွက်ကုန်ဈေးကွက် ရှိနေခြင်း။ | • မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူရရှိနိုင်ခြင်း၊ ဝက်ဈေးကွက်ကောင်းခြင်း၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များသယ်ယူရန်လမ်းပန်းဆက် သွယ်ရေးကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။ |
| **စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• ကုန်ချောထုတ်လုပ်နိုင်မည့် ကုန်ကြမ်းများရှိနေခြင်း။<br>• ကျေးရွာထွက်ကုန်ဖြစ်သည့် သင်ဖြူး ဖျာနှင့် ခါးသည် ဈေးကွက် တွင် အမည်ရ ထုတ်ကုန်ပစ္စည်း များဖြစ်ခြင်း။ | • နောက်မီး ကျေးရွာမှ ထွက်ရှိသော ကုန်ကြမ်းများအား ကုန်ချောနှင့်တန်ဖိုးမြင့်ထုတ်လုပ်ငန်းများ၊ ဆန်အခြေခံမုန့်များ ထုတ်လုပ်ရောင်းချနိုင်ခြင်းစသည်ဖြင့် အိမ်တွင်း အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသည်။<br>• ထို့အပြင် နောက်မီးကျေးရွာသည် လက်မှုပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ ခါးစသည့် ထုတ်ကုန်များထွက်ရှိရာ နာမည်ကျော်ကြားသည့် ကျေးရွာဖြစ်သည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• အစိုးရ ချေးငွေ အမျိုးအစား(၂)ခု အားရယူနိုင်ခြင်း။ | • နောက်မီးကျေးရွာတွင်စပါးစိုက်ပျိုးသည့် တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေ၊ သမဝါယမ အသင်းအဖွဲ့များအတွက် ထုတ်ချေးငွေနှင့် ပက်မြန်မာမှ ထုတ်ချေးငွေစသည်ဖြင့် အသက်မွေးဝမ်းကျောင်းချေးငွေများ ရှိ၍ စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေ ပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ပညာရေး**<br>• ကျေးရွာအတွင်း၌ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိခြင်း။ | • နောက်မီးကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရှိ၍ ကျေးရွာ၌ အလယ်တန်းပညာရေးအထိ မိမိတို့ကျေးရွာအတွင်း၌ပင် သင်ယူခွင့်ရှိနေပါသည်ထို့အပြင် သက်ကယ်ပြင် အခြေခံပညာ အထက်တန်းကျောင်းနှင့် (၂) မိုင်သာ ကွာဝေးခြင်းကြောင့် စက်ဘီး (သို့မဟုတ်) ခြေကျင် ဖြင့် သွားရောက်နိုင်ပါသည်။ |
| **ကျန်းမာ ရေး**<br>• ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိခြင်း။<br>• အင်္ဂပူမြို့နယ်ပြည်သူ့ ဆေးရုံနှင့်(၆) မိုင်မျှသာ ဝေးကွာခြင်း။<br>• ကျန်းမာရေးဝန်ထမ်းများရှိခြင်း။ | • နောက်မီးကျေးရွာတွင် ကျေးလက်ကျန်းမားရေးဌာနခွဲနှင့် သားဖွားဆရာမ (၁) ဦး၊ အရန်သားဖွား (၂) ဦးရှိ၍ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်ပြီး အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံနှင့် (၆) မိုင်မျှသာ ကွာဝေး၍ ကျန်းမာရေးဝန်ဆောင်မှုများနှင့် များစွာလက်လှမ်းမီသည့် ကျေးရွာတစ်ခုဖြစ်ပါသည်။ |
| **ရေ အရင်းအ မြစ်**<br>• သောက်သုံးရေလုံလောက်မှုရှိခြင်း။<br>• စိုက်ပျိုးရေးအတွက် အင်းရေကို အသုံးပြုနိုင်ခြင်း။ | • နောက်မီးကျေးရွာတွင် သောက်သုံးရေကို ရေတွင်းနှင့် တုံကင်များမှ ရရှိသော်လည်း ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ရေပြတ်လေ့ ရှိပါသည်။<br>• နောက်မီးကျေးရွာတွင် ဒိုက်အင်းနှင့် ဒိုက်အင်းရိုးများမှ အချို့သောနောက်ကျပဲမျိုးစုံစိုက်ခင်းများအား ရေတင်စိုက်ပျိုး နိုင်ပါသည်။ ရေတင်စိုက်ပျိုးရန်အတွက် ဧက(၁၀၀)ခန့် အထိ လက်လှမ်းမီ စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးရေ အခက်အခဲကို အတန်အသင့် ပြေလည်စေပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များ သည် လူငယ် အသင်း အဖွဲ့ အနေဖြင့် လူကြီးများ၏ဦး ဆောင် မှု အောက်တွင် လုပ်ကိုင် ဆောင်ရွက် တတ်ခြင်း။<br>• မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီး မားမားမရှိခြင်း။ | • ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေဖြင့် ကျေးရွာ၏ သာရေး၊နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကိုဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လများအတူတကွ နေထိုင်လာကြသူများဖြစ်ကြပြီး ကြီးကြီး မားမားမှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လမ်း ဖြစ်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>• အဖွဲ့အစည်းဆိုင်ရာ သဘောတရား | • နောက်မီးကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင် |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| များကို နားလည်မှု အားနည်းခြင်း။<br>• စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း။ | ချက်များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်းစသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>• ပိုးမွှားရောဂါ ကျရောက်မှု ပြင်းထန်ခြင်း။ | • စပါးနှင့်ပဲမျိုးစုံစိုက်ခင်းများတွင်လည်း ကြွက်ကဲ့သို့သော ပိုးမွှားများပြင်းပြင်းထန်ထန် ကျရောက်လေ့ရှိသောကြောင့်သီးနှံအထွက်နှုန်းများကို ကျဆင်းစေ၍ မိသားစုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးဝါးစွာ ထိခိုက်စေပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• တိရစ္ဆာန် ရောဂါကျရောက်မှု အားမကာ ကွယ် နိုင်ခြင်း။<br>• မွေးမြူရေးဈေးကွက်သဘောတရားများအား နားလည်မှု အားနည်းခြင်း။ | • ရောဂါဖြစ်ပွားမှုကို အချိန်မီမကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုအကန့်အသတ်ရှိခြင်းတို့အပြင် မွေးမြူရေးဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှုကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် နောက်မီးကျေးရွာတွင် မွေးမြူရေးကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့ မရဲဖြစ်နေကြပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊<br>• ရင်းနှီးငွေမရှိခြင်း။ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန်အကန့်အသတ်များရှိခြင်းစသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• လက်ရှိရယူနေသော ချေးငွေ များသည် ကာလတိုချေးငွေများ ဖြစ်၍ အကျိုးအမြတ် နည်းပါးခြင်း | • နောက်မီးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် သမဝါယမအသင်းအဖွဲ့များ၊ ပက်မြန်မာမှ ချေးငွေများကို ရယူနိုင်သော်လည်း ကာလတိုချေးငွေများ ဖြစ်ခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးမည့် ချေးငွေ အမျိုးအစားများ မရှိခြင်းကလည်း ကျေးရွာ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာစေမည့် အလားအလာကို အဟန့်အတား ဖြစ်စေပါသည်။ |
| **ကျန်းမာရေး**<br>• ကျန်းမာရေးဗဟုသုတများ လိုက်နာကျင့်သုံးမှု အားနည်းခြင်း။<br>• ဆင်းရဲနွမ်းပါးသူများမှ တာရှည်ခံယင်လုံအိမ်သာများ သုံးစွဲနိုင်မှု မရှိခြင်း။ | • နောက်မီးကျေးရွာတွင် ကျန်းမာရေး အသိပညာဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ရန် အားနည်း၍ ကျေးရွာသူ/သားများမှ လိုက်နာကျင့်သုံးမှု အလေ့အထများပါ နည်းပါးလာရာ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက် ကောင်းမွန်လာစေရန် အချိန်ယူ ကြိုးစားရဦးမည်ဖြစ်ပါသည်။<br>• ထို့အပြင် နောက်မီးကျေးရွာတွင်နှစ်စဉ် ရေကြီးရေလျှံမှု ဖြစ်လေ့ရှိ၍ ခိုင်ခံ့သော ယင်လုံအိမ်သာများကို ဆင်းရဲသား မိသားစုများမှဆောက်လုပ်သုံးစွဲနိုင်ခြင်း မရှိသည်မှာကျေးရွာ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အတွက် အဟန့်အတား များဖြစ်စေ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
| --- | --- |
| | ပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• ကျေးရွာဓလေ့အရ လူငယ်များ သည် ဦးဆောင် မှုနေရာများသို့ အလွယ်တကူ မရောက်ရှိနိုင်ခြင်း။<br>• လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် ကျေးရွာ၌ အမြဲအခြေကျ နေထိုင်မှု မရှိခြင်း။ | • ကျေးရွာ၏ဓလေ့မှာဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ ထို့ကြောင့် လူငယ်များအား အဖွဲ့အစည်းများအတွင်းလုပ်ကိုင်နိုင်သည့် အရည်အသွေးများမြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူ လုပ်ကိုင်စေခြင်းစသည့် နည်းလမ်းများ ရှိသော်လည်း လူငယ်အများစုသည် အခြားဒေသ များသို့ သွားရောက်လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲများရှိနေမည်ဖြစ်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ ( ၂၄-၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နောက်ဆက်တွဲ (၃)

## နောက်မီးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်းဆိုင်ရာ** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် အားနည်းခြင်း | • စိတ်ပါဝင်စားမရှိခြင်း<br>• တိကျသည် ဦးဆောင် မှု မရခြင်း<br>• တိကျသည့်လမ်းညွှန်မှု မရခြင်း | • ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှသင်တန်းပို့ချနိုင်မည့် အဖွဲ့များနှင့်ဆက်သွယ်ပေးနိုင်ပါသည် | • ကျေးရွာလူထုသည် အစိုးရ ဌာနများနှင့် ဆက်သွယ်ဆောင် ရွက်သည့် အတွေ့အကြုံ နည်းပါးခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်ရေး<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း |
| **ကဏ္ဍ - စိုက်ပျိုးရေးဆိုင်ရာ** | | | | | | |
| ၂။ | • စပါးနှင့် ပဲမျိုးစုံတွင် အထွက်နှုန်း နည်းပါး ခြင်း။ | • ပိုးမွှားရောဂါကျ ရောက်ခြင်း။<br>• ကြွက်ကျရောက် ဖျက်ဆီးခြင်း။<br>• ဖျက်ပိုးနှိမ်နင်းရန် နည်း | • စိုက်ပျိုးရေးဦးစီးဌာန မှ နည်းပညာပေးသင်တန်းများ ဖြန့်ဝေပေးနေခြင်း။ | • လယ်သမားများစုပေါင်း၍ ဖြေရှင်းသည့် အလေ့အထ များ မရှိခြင်း။ | | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး<br>• စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန် |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| | | လမ်းမသိရှိခြင်း။<br>• ကြွက်ခိုအောင်းရန်နေရာ ပေါ်များစွာ ရှိနေခြင်း။ | | | • လယ်သမားအစုအဖွဲ့များ ဖွဲ့စည်း၍ ဖြေရှင်းခြင်းနှင့် နည်းပညာ တောင်းခံခြင်း | • လိုအပ်သော နည်းပညာများ အတွက် သင်တန်းများ ပြုလုပ်ခြင်း။<br>• ဈေးကွက် နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း |
| | • ပဲမျိုးရရှိရန် အခက်အခဲများ ဖြစ်ခြင်း။ | • ကြွေးများပြန်လည်ပေးဆပ်ရသဖြင့် ဝယ်ယူရန် အရင်းအနှီးမရှိခြင်း။<br>• ပဲမျိုးဈေးနှုန်းကြီးမြင့်ခြင်း။ | • ပုဂ္ဂလိက ကုန်သည်များ နှင့်ညှိနှိုင်းခြင်း။<br>• သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများသို့ တင်ပြခြင်း။ | • ကုန်သည်များမှ ဈေးနှုန်း အဆမတန် ကြီးမြင့်နိုင်ခြင်းကြောင့် ဝယ်ယူရန် ခက်ခဲနိုင်ခြင်း။<br>• ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် လတ်တ လော ဖြေရှင်းမည့် အစီ အစဉ် မရှိခြင်း။ | | |
| **ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၃။ | • ဝင်ငွေရရှိမှုနည်းပါးခြင်း။ | • လုပ်အားခပေး၊ ခေါက်ပြန် ပေးယူရသဖြင့် အမြတ်အ စွန်းရရှိမှု နည်းပါးခြင်း။<br>• အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှု နည်းပါးသဖြင့် အလုပ်ကြမ်းများသာလုပ်ကိုင်ရခြင်း။ | • အလုပ်အကိုင်အခွင့် အလမ်းများရှိခြင်း။<br>• ဝင်ငွေရရှိသည့်နည်းပညာများကိုသင်ယူရန် စိတ်ပါဝင်စားခြင်း။<br>• မြို့ကြီးများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လက်လှမ်းမီခြင်းနှင့် ဈေးကွက်ရှိခြင်း။<br>• အင်္ဂပူနှင့်(၆)မိုင်သာ ကွာဝေးခြင်း။ | • အတိုးနှုန်းသက်သာစွာဖြင့်လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးသောချေးငွေမရရှိ ခြင်း။<br>• အစိုးရဌာနဆိုင်ရာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • ချေးငွေရရှိနိုင်မည့်အရင်းအမြစ်များအားချိတ်ဆက်ခြင်း။<br>• အစိုးရမဟုတ်သော  အဖွဲ့အစည်းများ၊အစိုးရအဖွဲ့အစည်းများအားနည်းပညာ များ အကူအညီတောင်းခံခြင်း။ | ၃။ အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး<br>• ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများစီစဉ်ပေးရေး<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းသင်တန်းများစီစဉ်ပေးရေး(အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ ဆိုင်ကယ် ပြင်)<br>• အသေးစားကုန်ထုတ်လုပ်သူများ အဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ် ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး (သင်ဖြူးဖျာ၊ဓါး) |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၄။ | • စိုက်ပျိုးစရိတ် အတွက် ပြင်ပ လုပ်ငန်း ရှင်များ ထံမှ ချေးငွေ ချေးယူ ရာတွင် အတိုးနှုန်း မြင့်မားခြင်း။ | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေ းဘဏ်မှ ချေးငွေ အချိန်မှီ မရခြင်း(ယခင်ချေးငွေ အဆပ် နောက်ကျခြင်း)<br>• အရင်းအနှီးမတတ်နိုင် ခြင်း။ | • မြန်နှ်မာလယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ စိုက်ပျိုး ရေးချေးငွေ၊ သမဝယမ မှ စိုက် ပျိုး ရေးချေးငွေ တို့ကို လက်လှမ်းမီခြင်း | • ချေးငွေကိုအကန့် အသတ် ဖြင့်သာ ထုတ်ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့် သုံးနေခြင်း။ | • ယခင်ချေးငွေအကြွေး များကို သတ်မှတ် ကာ လ အတွင်း ဆပ်နိုင်ရန် ကြိုးစား ပြင်ဆင်ခြင်း။<br>• အတိုးနှုန်းသက်သာသော ချေးငွေအကူအညီပေးရေးအ ဖွဲ့များ နှင့် ချိတ်ဆက် စေခြင်း။ | ၄။ ထိရောက်သော ချေးငွေဝန် ဆောင်မှုများအား လက်လှမ်းမီ ရေး<br>• ချေးငွေရရှိရန်ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင် ခြင်း |
| | • မွေးမြူရေးအတွက် အရင်းအနှီး မတတ် နိုင်ခြင်း။ | • ချေးငွေရရှိနိုင်သော နေရာ လက်လှမ်း မမှီခြင်း။။ | • သဘာဝ အလျောက် တိရိစ္ဆာန်အစာ အလွယ် တကူရရှိ နိုင်ခြင်း။<br>• မွေးမြူရေး စိတ်ဝင် စားသော မိသားစုများ ရှိခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်းစနစ်အားနည်း ခြင်း။<br>• မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုအကန့် အသတ်ရှိခြင်း။ | | |
| | • ဝင်ငွေတိုးလုပ်ငန်း များအတွက်ငွေအ ရင်းအနှီး မတတ် နိုင်ခြင်း | | • ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်စိတ်အား ထက်သန်ခြင်း | • အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင် ယူရန် အခွင့်အလမ်း နည်းခြင်း | | |
| **ကဏ္ဍ - ပညာရေးဆိုင်ရာ** | | | | | | |
| ၅။ | • အိမ်သာ မလုံ လောက် ခြင်း<br>• ကျောင်းပရိဘောဂ များ မလုံလောက် ခြင်း<br>• ကျောင်းဆောင် မျက်နှာကြက် မရှိခြင်း | • သစ်သားအိမ်သာများမှာ မကောင်းမွန် မလုံခြုံခြင်း<br>• ကျောင်းသားဦးရေများ လာခြင်း။<br>• ထိုင်ခုံများမှာ ဟောင်းနွမ်း နေခြင်း<br>• အထောက်အပံ့ပစ္စည်း နည်းပါးလာခြင်း။ | • ပညာရေးဌာနတွင် ဘတ်ဂျက်လျှာထား ချက်များရှိနေခြင်း။<br>• ကျောင်းကော်မတီ စနစ်တကျ ဖွဲ့စည်းပြီး ဖြစ်ခြင်း။ | • ကျေးရွာကော်မတီက မြို့နယ် ပညာရေးဦးစီး ဌာန၏ မြို့ နယ်အဆင့် စီမံကိန်း အစီ အစဉ်ကို မသိရှိသေးခြင်း<br>• ကျောင်းသားမိဘများ၏ ပူးပေါင်း ပါဝင်မှု အား နည်းနေခြင်း | • ကျောင်းကော်မတီမှမြို့နယ် ပညာရေးဦးစီးဌာနနှင့် ချိတ် ဆက်ပြီး တင်ပြဆွေးနွေးစေ ခြင်း။ | ၅။ ကျေးရွာ၏ပညာတတ် မြောက်မှု တိုးတက်ရေး<br>• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်<br>• ပြင်ပအလှူရှင်များရှာဖွေရန်နှင့် ကျေးရွာလူထုမှ ပူးပေါင်း ပါဝင် ရန်<br>• ကျောင်းအိမ်သာအသစ် တည် |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| | • ကျောင်းစာကြည့် တိုက် မရှိခြင်း | | | • ကျေးရွာ၏ အခြားကဏ္ဍ များ တိုးတက်ရန် အား ထည့်နေရသဖြင့် ပညာ ရေးကဏ္ဍ ရန်ပုံငွေ အတွက် အားမစိုက်နိုင် တော့ခြင်း။ | | ဆောက်ရန်၊ကျောင်းဆောင် မျက်နှာကြက် တပ်ဆင်ရေး<br>• ကျောင်းပရိဘောဂများ ဖြည့် တင်းရေး |
| **ကဏ္ဍ - ကျန်းမာရေး** | | | | | | |
| ၆။ | • ကျေးလက်ကျန်းမာ ရေးဌာနခွဲတွင် ကုတင် နှင့် ဆေးဝါး မလုံ လောက်ခြင်း<br>• မွေးဆောင် သီးသန့် မရှိခြင်း | • အရေးပေါ် ကိစ္စရပ်များ အတွက် အခက်အခဲ များ တွေ့ကြုံရခြင်း<br>• ကျေးရွာမှ ငွေကြေး အင် အားထည့်ဝင်ဆောက်လုပ် ရန်မတတ်နိုင်ခြင်း | • ကျေးရွာတွင် ကျန်းမာ ရေးစောင့် ရှောက်မှု လက်လှမ်းမီ လိုစိတ် ရှိခြင်း။ | • ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်မှု အလှမ်း ဝေး နေခြင်း။ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေး ရွာ ကျန်းမာရေး စောင့် ရှောက်မှုအတွက်တောင်းခံ တင်ပြစေခြင်း။<br>• အလှူခံ၍ ဆောင်ရွက် ခြင်း | ၆။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု တိုးတက်ရေး<br>• ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း<br>• ရွာသူရွာသားများစုပေါင်း၍ ကျန်းမာရေး၊နာရေး ရံပုံငွေထူထောင်ရေး |
| | • ကျေးရွာသူ/သား များကျန်းမာရေး ဗဟုသုတအား နည်းခြင်း | • ကျန်းမာရေးဆိုင်ရာ အမြင် ဖွင့် သင်တန်းများ မရရှိ ခြင်း။ | | | | |
| **ကဏ္ဍ - သောက်သုံးရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | | | | | | |
| ၇။ | • သောက်သုံးရေ လုံ လောက်မှု မရှိခြင်း။ | • နွေသုံးလ ရေရှားပါးခြင်း။<br>• သုံးရေ မသန့်ရှင်းခြင်း။ | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွ က် ဆောင်ရွက်နေ သော ဌာန ရှိနေခြင်း | • ရေတိမ်တွင်း၊ လက်နှိပ် တုံကင်တွင်းများမှာ သောက်သုံးရေ အတွက် သာ လုံလောက်စွာ မရရှိခြင်း။ | • စက်ရေတွင်းတူးဖော်၍ ရွာလုံးကျွတ် အသုံးပြုနိုင်ရန် စီစဉ်ပေးနိုင်ရန်။ | ၇။ ရေကောင်းရေသန့် လုံလောက်စွာ အသုံးပြုနိုင်ရေး<br>• ရေစစ်အိုးပြုလုပ်နည်း မျှဝေ ပေးနိုင်မည့်အဖွဲ့ (သို့) အလှူ ရှင်များနှင့် ချိတ်ဆက်ခြင်း။<br>• (၄) လက်မစက် ရေတွင်း နှင့် အုတ်ရေကန် တည်ဆောက် ရန်အတွက် ဌာနများ၊ အလှူ |
| | • ယင်လုံအိမ်သာများ ရေရှည် မခံခြင်း။ | • နှစ်စဉ်ရေကြီးသော ဒေသ များ ဖြစ်ခြင်း<br>• ကုန်ကျစရိတ် များပြား | • ကျေးရွာမှလိုအပ်သော လုပ်အား ပါဝင်နိုင်ခြင်း | • ကျန်းမာရေးအသိပညာ နည်းပြီး လိုက်နာကျင့်သုံး မှု အားနည်းခြင်း။ | • ကျန်းမာရေးဦးစီးဌာနနှင့် ကော်မတီ ပူးပေါင်း ချိတ် ဆက်၍ ယင်လုံအိမ်သာ | |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| | | ခြင်း | | | စီမံချက် ဆောင်ရွက်စေခြင်း။ | ရှင်များနှင့် ချိတ်ဆက်ခြင်း။<br>• အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲရေး စီမံချက်နှင့် အိမ်သာ အတွက် အလှူရှင်များနှင့် ချိတ်ဆက်ခြင်း။ |
| ကဏ္ဍ - အခြေခံအဆောက်အဦဆိုင်ရာ | | | | | | |
| ၈။ | • တစ်နှစ်ပတ်လုံး မြို့နှင့်အခြားကျေး ရွာ များသို့ သွားလာ ရန်အတွက် ခက်ခဲခြင်း။ (ကျောင်းသွားခြင်း၊ ထွက်ကုန်သယ်ယူ ပို့ဆောင်ခြင်း) | • မိုးများသောဒေသဖြစ်ပြီး ရေကြီးနစ်မြုပ်သည့် အပြင်မြေသားလမ်း ဖြစ်သောကြောင့် ရေတိုက်စားပြီးလမ်း ပျက်စီးခြင်း။<br>• နည်းပညာနှင့်အရည် အသွေးမပြည့်မီသော ကြောင့်ကွန်ကရစ်တံတား ကျိုးကျပျက်စီး နေခြင်း။ | • ကျေးရွာမှ လမ်းခင်းရန် တံတား ဆောက်ရန်၊ ကြိုးတံတား ဆောက်ရန် ဆန္ဒပြင်းပြခြင်းနှင့် အမြန်ဆုံးလိုအပ် နေခြင်း။ | • ကျေးရွာလူထု လမ်းခင်းရန်၊ တံတား ဆောက်ရန်၊ ကြိုးတံတားဆောက်ရန် အတွေ့အကြုံ မရှိခြင်း။<br>• နည်းပညာနှင့် ငွေကြေး လိုအပ်နေခြင်း။ | • ရေနုတ်မြောင်း တူးဖော်စေခြင်း။<br>• လမ်းတံတားထိန်းသိမ်းရေး လုပ်ငန်းများပြုလုပ်စေခြင်း။<br>• သံကူကွန်ကရစ်တံတား တည်ဆောက်စေခြင်း။ | ၈။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနသို့ တင်ပြရန်<br>• ပုဂ္ဂလိက အလှူရှင်များနှင့် ဆက်သွယ်တောင်းခံရန်<br>• သံကူကွန်ကရစ် တံတား (၁) စင်းတည်ဆောက်ရန် (၃၀—x ၁၂—x ၁၀—)<br>• ကြိုးတံတား (၁) စင်း တည် ဆောက်ရန် (၂၀၀-x ၄-x ၁၂-) |
| ကဏ္ဍ - လျှပ်စစ်မီးရရှိရေး | | | | | | |
| ၉။ | • လျှပ်စစ်မီးမရှိခြင်း | • ဆင်းရဲသားအိမ်ထောင်စု အများစုဖြစ်နေခြင်း။ | • ကျေးရွာလူထုမှမီးလင်း ရန်ဆန္ဒပြင်းပြခြင်း<br>• ကုန်ကျ ငွေအချို့ကျ ပါဝင်နိုင်ခြင်း | • ကိုယ်ထူကိုယ်ထ လျှပ်စစ် မီး တတ်ဆင်ရန် ငွေကြေး မတတ်နိုင်ခြင်း။<br>• မဟာဓါတ်အားလိုင်း နှင့် ဝေးကွာခြင်း | • ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းရန်။<br>• ကျေးရွာမှကိုယ်ထူ ကိုယ်ထ မီးလင်းရေး လုပ်ဆောင်ရန်။<br>• ပြင်ပမှလုပ်ငန်းရှင်များ အား ဖိတ်ခေါ်ရန်။<br>• အစိုးရဌာနနှင့် ချိတ်ဆက် တောင်းဆိုရန်။ | ၉။ မဟာဓာတ်အားလိုင်းမှ ကျေးရွာ မီးလင်းရေး အကောင် အထည် ဖော်ခြင်း။<br>• ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။<br>• ကျေးလက်ဒေသဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• မဟာဓါတ်အားလိုင်းမှ လျှပ်စစ် |

| စဉ် | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း၊ဇစ်မြစ် | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| | | | | | | သွယ်ယူခြင်း |
| **ကဏ္ဍ - လူငယ်၊ အားကစား၊ ယဉ်ကျေးမှု** | | | | | | |
| ၁၀။ | • ကျေးရွာတွင်းရှိ လူငယ်များ အထွေထွေ ဗဟုသုတ အားနည်းခြင်း။ | • လေ့လာသင်ယူမှု အားနည်းခြင်း။<br>• ကျေးရွာတွင် လေ့လာ သင်ယူနိုင်သောနေရာ လက်လှမ်းမမှီခြင်း။ | • ကျေးရွာမှလူငယ်များ သင်ယူလိုစိတ်ရှိခြင်း။<br>• အဖွဲ့အစည်းများမှ တောင်းဆိုမှုရှိနေခြင်း။ | • နည်းပညာနှင့် ငွေကြေး လိုအပ်နေခြင်း။ | • ကျေးရွာတွင် လေ့လာ သင်ယူနိုင်သောနေရာ ဖန်တီးပေးခြင်း။ | ၁၀။လူငယ်များကျန်းမာကြံ့ခိုင် လာရေး<br>• လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ စီစဉ်ပေးရန်<br>• စာကြည့်တိုက်တည်ထောင်ရေး<br>• သာရေးနာရေးရန်ပုံငွေ ထူထောင်ရေး |
| ၁၁။ | • ကျေးရွာသာရေးနာရေး သုံးစွဲရန် အထောက်အကူပြု ပစ္စည်းများ အခြားရွာများမှ ငှားရမ်းနေရခြင်း။ | • ကျေးရွာပိုင် သာရေးနာရေးသုံးစွဲရန် အထောက်အကူပြု ပစ္စည်းများ မရှိခြင်း | • စားပွဲ၊ ကုလားထိုင်များ အတွက် လက်သမားဆရာများ ရှိခြင်း။ | • ငွေကြေး လိုအပ်နေခြင်း။ | • ကျေးရွာမှ ရန်ပုံငွေ စုဆောင်းရန် (သို့) အလှူရှင်များထံမှ အလှူခံခြင်း။ | |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၅၊မေ။

၂။ အင်္ဂပူမြို့နယ်၊နောက်မီးကျေးရွာတွင်၂၀၁၅စက်တင်ဘာလတွင်ကျင်းပခဲ့သောကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်။

# အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

<table>
<tr><td colspan="2">ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး / ပြည်နယ် -</td></tr>
<tr><td colspan="2">စီမံချက်အမည် -</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄ | | | | | | | | |

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |